# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၅) ရက် ၊ အင်္ဂါနေ့ ၊ (19-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ သံဃာတော်များ၊သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များ နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၆၈၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၉ ဦး၊ ခွဲစိတ်ရောဂါ ၄၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၀၃ ဦး၊

**စာမျက်နှာ ၁၉ ကော်လံ ၁သို့**

(၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးထိပ်သီးဖိုရမ်ကျင်းပ စာမျက်နှာ - ၁၇

အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၈၀ ဆက်လက်ပြသ စာမျက်နှာ - ၂၁

လှိုင်လင်မြို့ရှိ ဒေသခံပြည်သူများကို စားသုံးဆီများအား ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ စာမျက်နှာ - ၂၁


အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေး
ကောင်းမွန်သော နေပူစံကျောက်ပြား၊ အိမ်တွင်းအလှဆင်
ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်တွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ
အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




မာဘယ်ကျောက်ပြားစက်ရုံ( မန္တလေး )- ဖုန်း - ၀၉ ၆၉၁၂၃၀၆၃၉၊ ၀၉ ၆၆၉၂၅၉၉၉၄

ရတနာပုံ
၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဟန်ချက်ညီဖို့ သစ်တောသစ်ပင်ထိန်းသိမ်း

သစ်တောသစ်ပင်များသည် သက်ရှိများနေထိုင်ရာ ကမ္ဘာမြေကြီးသာယာလှပစေရုံသာမက သက်ရှိများ ကောင်းမွန်စွာရှင်သန်နိုင်ရန် များစွာပံ့ပိုးကူညီပေးသည့်အပြင် ဇီဝမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များကိုလည်း တည်ငြိမ်စေသည်။ သစ်တောသစ်ပင်များသည် ရာသီဥတုမျှတကောင်းမွန်စေပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသောကြောင့် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသင့်သည်။

ယခုအခါ သစ်တောသစ်ပင်ပြုန်းတီးမှုကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းပူနွေးလာသည်။ ကမ္ဘာကြီးပူနွေးလာသည့်အတွက် မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို လူသားများ ရင်ဆိုင်ကြုံတွေ့ခံစားနေကြရသည်။ ထို့ပြင် အခြားသော သက်ရှိများဖြစ်သည့် တောတွင်းတိရစ္ဆာန်များသည်လည်း တဖြည်းဖြည်းမျိုးသုဉ်းလျော့ပါးလာသည်ကို တွေ့ရှိရသည်။ ၎င်းသည် သက်ရှိများနှင့် သဘာဝတရား၏ ဂေဟစနစ်များ တစ်စတစ်စကွာဟလာသည့် ဆိုးရွားမှုများ၏ အကျိုးဆက်များပင်ဖြစ်သည်။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင် သက်ရှိများ၏ ဂေဟစနစ်နှင့် လူနေမှုစနစ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိသည်။ သစ်တောသစ်ပင်များကို လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသကဲ့သို့ ပြန်လည်စိုက်ပျိုးကြရန်လည်း လိုအပ်ပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ သစ်တောသစ်ပင်များကို စနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိဘဲ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများ ကြုံတွေ့ရခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ မြေအောက်ရေခန်းခြောက်ခြင်း၊ မြစ်များကျဉ်းမြောင်းတိမ်ကောခြင်း၊ ချောင်းများ၊ မြောင်းများခန်းခြောက်ခြင်းဖြစ်လာပြီး သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ရေအခက်အခဲများရှိလာသည်။ ထို့ကြောင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျော့ချရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သစ်တောသစ်ပင်များသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်သုံးရပ်ကို ဟန်ချက်ညီညီ ထိန်းညှိပေးပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည်။

သစ်တောသစ်ပင်များသည် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ လူသားနှင့် သက်ရှိတို့၏ဘဝကို မြှင့်တင်ရန်လည်း အရေးပါပေသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းကို ဟန်ချက်ညီညီဆောင်ရွက်သွားနိုင်ရန် သစ်တောသစ်ပင်များကို စနစ်တကျပြန်လည်စိုက်ပျိုးထိန်းသိမ်းရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်စိုက်တောင်သူများကို သရက်တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရေး သင်တန်းပို့ချပေးရန်စီစဉ်နေ



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်စိုက်တောင်သူများကို သရက်တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ရောင်းချနိုင်ရေးအတွက် နည်းပညာသင်တန်းများကို နိုဝင်ဘာလအတွင်း ပို့ချပေးသွားရန် စီစဉ်နေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

သရက်စိုက်တောင်သူများ၏ ခြံများမှထွက်ရှိသော သရက်သီးများသည် သုံးပုံ တစ်ပုံသာ Export တန်းဝင်ခြင်းဖြစ်ပြီး ကျန်အသီးများမှာ တန်းမဝင်သည့် အသီးများဖြစ်ကြောင်း၊ ထို့ကြောင့် သရက်စိုက်တောင်သူများအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ရောင်းချနိုင်ရေးအတွက် နည်းပညာသင်တန်းများ ပို့ချပေးသွားရန် စီစဉ်နေကြောင်း သိရသည်။

"စံချိန်မမီတဲ့ သရက်သီးတွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်ပြီး ဈေးကွက်အတွင်းကို ရောင်းချနိုင်ဖို့ နည်းပညာတွေ ပို့ချပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ တောင်သူတွေ တန်ဖိုးမြင့်ထုတ်ကုန်လုပ်နိုင်ရင် ပိုအဆင်ပြေမှာပါ။ လက်ရှိမှာ သရက်ပင်တွေပြုပြင်နေကြတာရှိတယ်။ အဲဒီလုပ်ငန်းတွေပြီးသွားရင်တော့ ဒီနှစ်မကုန်ခင်အတွင်းမှာ ပို့ချပေးသွားမှာပါ။ သရက်စိုက်တောင်သူတွေက မိမိတို့ခြံကထွက်ရှိတဲ့ သရက်သီးတွေကို ဆုံးရှုံးမသွားအောင် တန်ဖိုးမြင့်ထုတ်ကုန် ပြုလုပ်ဖို့လိုပါတယ်။ တန်ဖိုးမြင့်ထုတ်ကုန်က ကြာရှည်ထားလို့ရတယ်။ ဒါကြောင့် တန်ဖိုးမြင့်ထုတ်ကုန်တွေ ပြုလုပ်နိုင်ဖို့အတွက် နည်းပညာသင်တန်းတွေကို ပို့ချပေးသွားဖို့စီစဉ်ထားပါတယ်" ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

ထိုသို့ နည်းပညာသင်တန်းပို့ချရာတွင် သရက်သီးများကို အရည်အသွေးကောင်းစေရန် ထုတ်လုပ်ရမည့် နည်းပညာရပ်များ၊ သရက်သီးများထွက်ပေါ်လာပါက ထုပ်ပိုးမှုစနစ်များ စသည့် နည်းပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အနှစ်ထုတ်ခြင်း၊ စည်သွတ်ဘူးပြုလုပ်ခြင်း၊ သရက်ပြားထုတ်ခြင်းများပြုလုပ်ပြီး ဈေးကွက်သို့ ရောင်းချနိုင်ရေးအတွက်လည်း သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၁၀၀ ကျော်ထိရှိလာ

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၁၀၀ ကျော်ထိ ရှိလာကြောင်း အမှတ်(၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်း ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ ဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃) လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုတစ်လော မန္တလေးမြို့မှာက လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှုအများဆုံးကတော့ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်တဲ့ခရီးသည်တွေအများဆုံးပါ။ နယ်ကနေလာတဲ့ လိုင်းကားစီးပြီး မန္တလေးမြို့တွင်း ဘုရားဖူးမဲ့ ခရီးသည်တွေ အခုတလော တော်တော်လေးများလာတယ်"ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ စက်တင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၉၀၀ ကျော်သာ ရှိခဲ့သော်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုတစ်လော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှု အများဆုံးလမ်းကြောင်းကတော့ မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနဲ့ ရွှေကျောင်းကြီးဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု အများဆုံးပါ။ တချို့ကကျတော့ ဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြား နယ်ဝေးဒေသကလာတဲ့ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်"ဟု ဦးမြငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲတီစိမ်းမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်သာ အရောင်းအဝယ်ရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲတီစိမ်းကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်း စက်တင်ဘာ ၁၁ ရက်ပေါက်ဈေးအရ ကုလားပဲ(V2)သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၆၅၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၇၇၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၅၈၀၀၀ သာ ပေါက်ဈေးရှိပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ ပေါက်ဈေးအရ ကုလားပဲ(V2)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၁၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် စက်တင်ဘာ ၁၁ ရက်ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့ပေါက်ဈေးအရ ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်တံတားနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးလှိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်တံတားနှင့် Slab Culvert တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦးနှင့်ရမည်းသင်းမြို့နယ်မှအင်ဂျင်နီယာဝန်ထမ်းများက တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း၊ တံတားဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ထီးလှိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ခံကို လုပ်ငန်းများအားလုံး စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ အောက်ခံလွှာမြေသားခင်းခြင်းနှင့် ချင်းကျောက်ခင်းခြင်း၊ အလျား ၃၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ငါးပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် အလျားပေ ၂၀၊ အနံ လေးပေ၊ အမြင့် သုံးပေရှိ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၇ ဒသမ ၉၁ သန်းဖြင့် ရွှေထိုက်တန်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အဝေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ အောင်မြင်သူကုမ္ပဏီများအုပ်စုက မိခင်အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သင်းသင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓမ္မဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းပညာတွေနဲ့တခြား ပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧကတွင် နံနံ၊ ခရမ်း၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ဆလတ်၊ ချဉ်ပေါင်၊ ငရုတ် စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ခင်းများ စိုက်ဧကပြည့်မီပြီး အထွက်နှုန်းတိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ပျိုးထောင်ထားရှိသည့် စိုက်ခင်းများသို့ သွားရောက်ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် အဆိတ်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဆိတ်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အဆိတ်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် အဆိတ်တောင်ကျေးရွာ၌ အရှည် ၂၅၀၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၄ ဒသမ ၅၄ သန်း အသုံးပြုပြီး Fotune Paradise ကုမ္ပဏီက ယခုနှစ် ဇွန် ၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဆန်းမင်းထံမှ သိရသည်။

**ကိုညို**

# ကံမမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**ကံမ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန် ပျဉ်ထောင်ကျေးရွာအုပ်စု ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျဉ်ထောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၄၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမိုးမိုး**



# အလင်းရောင်ညစ်ညမ်းမှု

ပါမောက္ခကိုကိုအောင်

သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်က သန်းပေါင်း ၁၆၀၀ သာရှိခဲ့သော ကမ္ဘာ့လူဦးရေသည် တဖြည်းဖြည်းချင်း တိုးပွားများပြားလာရာမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မှစ၍ နှစ်စဉ်လူဦးရေသန်း ၈၀ နှုန်းဖြင့် အလျင်အမြန် တိုးပွားလာခဲ့သည်။ လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်နေထိုင်လျက်ရှိနေပြီဖြစ်သော မျက်မှောက် ကမ္ဘာကြီးတွင် မြို့ပြအဆောက်အအုံများ သိသာစွာ များပြားလာသလို လုပ်ငန်းတည်နေရာအမှတ်အသား များအဖြစ်လည်းကောင်း၊ အများပြည်သူတို့ လွယ်လင့် တကူမြင်တွေ့သိရှိနိုင်သော ကြော်ငြာများအဖြစ် လည်းကောင်း ဆိုင်းဘုတ်အရွယ်အစားအမျိုးမျိုး တို့ကိုအသုံးပြုသည့် အလေ့အထကလည်း ပို၍ကျယ် ပြန့်လာခဲ့သည်။

တစ်ချိန်က စီးပွားရေးဆိုင်ရာကြော်ငြာများ၊ အထိမ်းအမှတ်ဆိုင်ရာကြော်ငြာများ၊ နေ့ထူးနေ့မြတ် ဆိုင်ရာကြော်ငြာများ၊ အားကစားပွဲတော်ဆိုင်ရာ ကြော်ငြာများ၊ ရိုးရာပွဲတော်ဆိုင်ရာကြော်ငြာများ၊ ညီလာခံသဘင်ဆိုင်ရာကြော်ငြာများ၊ ရုပ်ရှင်နှင့်ပြဇာတ် ကြော်ငြာများ စသည်တို့ကို လူအများမြင်တွေ့နိုင်သည့် နေရာများတွင် ပိုစတာကြီးများစိုက်ထူ၍ ကြော်ငြာ ခဲ့ကြသည်။

ထိုမှတစ်ဆင့် ကြော်ငြာဆိုင်းဘုတ်များကို နေ့ည အချိန်မရွေး လူအများ မြင်တွေ့သတိပြုမိစေရန် အတွက် ညအချိန်တွင် ဆလိုက်မီးများကို အသုံးပြု လာခဲ့ကြသည်။ ကြော်ငြာချင်းတူစေကာမူ ညအချိန်၌ လျှပ်စစ်ဆလိုက်မီးများကိုအသုံးပြု၍ ကြော်ငြာထား သော ကြော်ငြာဆိုင်းဘုတ်များသည် ပို၍လူသိထင်ရှား ဖြစ်လာခဲ့သည်။ ဆလိုက်မီးကိုအသုံးပြု၍ ကြော်ငြာ ထားကြသော ကြော်ငြာရှင်တို့သည် မိမိတို့၏လုပ်ငန်း များ၌ အကျိုးသက်ရောက်ဖြစ်ထွန်းမှုများကို ပို၍ ခံစားကြရသည်။

ထိုမှတစ်ဖန် ကြော်ငြာဆိုင်းဘုတ်များကို ညအချိန် ၌ လူအများက လွယ်လင့်တကူသတိပြုမိကြစေရန် သာမက ပို၍ ဆွဲဆောင်မှုရှိစေရန်အတွက် ကြော်ငြာ ဆိုင်းဘုတ်၏ နောက်ကျောဘက်၌ လျှပ်စစ်မီးသီး၊ မီးချောင်းများကို ထည့်သွင်းထွန်းညှိထားသည့် Light Box များကို ပြောင်းလဲသုံးစွဲခဲ့ကြပြန်သည်။ Light Box ခေတ်ကို ကျော်လွန်ပြီးနောက် လွန်ခဲ့ သော နှစ်ပေါင်း ၃၀ ခန့်က နီယွန်မီးချောင်းများကို စာလုံးပုံသဏ္ဌာန် လိုသလိုကွေးညွတ်ပုံဖော်ပြီး ကြော်ငြာနိုင်သောနီယွန်ဆိုင်းဘုတ်များ စတင်ခေတ် စားလာခဲ့သည်။

နီယွန်ဆိုင်းဘုတ်များသည် ဆလိုက်မီးဖြင့်ကြော်ငြာ ထားသောဆိုင်းဘုတ်များ၊ Light Box ပုံစံပြုလုပ် ထားသောကြော်ငြာများထက် ပို၍ဆွဲဆောင်မှုရှိသည့် အပြင် အတော်လှမ်းသောအကွာအဝေးကပင် လွယ် လင့်တကူမြင်တွေ့သတိပြုမိစေနိုင်သော ကောင်းကျိုး ကိုရရှိစေသည့်အတွက် နီယွန်ဆိုင်းဘုတ်များဖြင့် ကြော်ငြာသောခေတ်တစ်ခေတ်သည် ဆယ်စုနှစ်နှစ်စု ကျော်မျှထိ အလွန်ခေတ်စားခဲ့သည်။

ကမ္ဘာပေါ်တွင် ဟောင်ကောင်ကျွန်းသည် နီယွန် ဆိုင်းဘုတ်အများဆုံးအသုံးပြုသော မြို့ပြဒေသတစ်ခု အဖြစ် အလွန်ထင်ရှားခဲ့သည်။ ဟောင်ကောင်ကျွန်းသို့ လေကြောင်းခရီးဖြင့်သွားရောက်သည့်အခါ ညအချိန်၌ ဟောင်ကောင်ကျွန်းအနီးသို့ လေယာဉ်ချဉ်းကပ်လာ ချိန်တွင် ထောင်ဂဏန်းနှင့်ချီသော နီယွန်ဆိုင်းဘုတ် အများအပြားကို လေယာဉ်စီးခရီးသည်တို့က ကောင်း စွာသတိပြုမိခဲ့ကြသည်။

နီယွန်ဆိုင်းဘုတ်ခေတ်တစ်ခေတ်ကို ကျော်ဖြတ် လာပြီးနောက် နီယွန်ဆိုင်းဘုတ်များထက်ပို၍ဆွဲဆောင် မှုရှိသည့်အပြင် တည်ဆောက်တပ်ဆင်မှုကုန်ကျစရိတ် အားဖြင့်လည်း များစွာလျော့နည်းသက်သာသော LED ကြော်ငြာဆိုင်းဘုတ်ခေတ်သို့ ကူးပြောင်းရောက် ရှိလာခဲ့ပြန်သည်။ LED ကြော်ငြာဆိုင်းဘုတ်များသည် တည်ဆောက်တပ်ဆင်ရာ၌ နီယွန်ဆိုင်းဘုတ်များထက် ပိုမိုလွယ်ကူလျင်မြန်ပြီး ကုန်ကျစရိတ်ကိုလည်း သိသာ စွာလျှော့ချပေးနိုင်ခဲ့သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲရမှု အနေဖြင့်လည်း LED နည်းပညာက နီယွန်နည်းပညာ ထက် များစွာလျော့နည်းသက်သာသည်။

မျက်မှောက်ကာလတွင် LED ကြော်ငြာဆိုင်းဘုတ် များကို ကမ္ဘာအနှံ့ တွင်တွင်ကျယ်ကျယ်သုံးလာကြသည်။ LED ကြော်ငြာဆိုင်းဘုတ်များ၌ပင် ကြော်ငြာလိုသော စာသားများကို ထင်ရှားစွာဖော်ပြပေးနိုင်သော ဆိုင်း



ဘုတ်များနှင့် လှုပ်ရှားမှုရုပ်ပုံများကိုပါကြည့်ရှုနိုင်သော LED ရုပ်မြင်သံကြားဆိုင်းဘုတ်ကြီးများဟူ၍ အမျိုးမျိုး တွေ့ရှိနိုင်ကြသည်။

စာသားများဖြင့်ဖော်ပြပေးသော LED ဆိုင်းဘုတ် များထက် ရုပ်ပုံလှုပ်ရှားမှုပါဝင်သော LED ရုပ်မြင် သံကြားဆိုင်းဘုတ်ကြီးများက ပို၍ဆွဲဆောင်မှုရှိသည်။ LED နည်းပညာအရ ရုပ်မြင်သံကြားဆိုင်းဘုတ် အရွယ်အစားကို လိုသလိုစိတ်တိုင်းကျလွယ်လင့်တကူ တည်ဆောက်တပ်ဆင်နိုင်ခြင်းကပင် ကြော်ငြာရှင်တို့ အတွက် စိတ်ဝင်စားဖွယ်ကိစ္စတစ်ရပ်ဖြစ်သကဲ့သို့ ကြော်ငြာကိုကြည့်ရှုကြမည့် အများပြည်သူတို့အတွက် လည်း ဆွဲဆောင်မှုတစ်ရပ်ဖြစ်လျက်ရှိနေသည်။

LED ဟူသောဝေါဟာရ၏ အရှည်ကောက်မှာ Light Emitting Diode-LED ဖြစ်ပြီး လျှပ်စစ်ဓာတ် အားပမာဏ အနည်းငယ်မျှရရှိရုံဖြင့် စူးရှတောက်ပ သောအလင်းရောင်မြင်ကွင်းကို ထုတ်လွှတ်ပေးနိုင်သော လျှပ်စစ်ပစ္စည်းတစ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် LED ဆိုင်းဘုတ်ဖြင့်ကြော်ငြာထားသော စာသားနှင့်ရုပ်ပုံများ ကို အလင်းရောင်ရှိနေသည့်နေ့အချိန်၌ပင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ညအချိန်၌ဆိုလျှင်မူကား အလွန် စူးရှတောက်ပသောမြင်ကွင်းပုံရိပ်များကို အတော် လှမ်းသောအကွာအဝေးကပင် သတိပြုမိစေသည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ကြီး ပြကြီးများတွင် လျှပ်စစ်မီးများကို အပြိုင်အဆိုင်ထွန်းညှိ အသုံးပြုလျက်ရှိနေကြသည့်အားလျော်စွာ ညအချိန်၌ အလွန်တောက်ပသော မီးအလင်းရောင်များဖြင့် ထိန်ထိန်ညီးလျက်ရှိနေကြသည်။ ထိုထိုသော မြို့ပြများ ၏ လျှပ်စစ်မီးအလင်းရောင်များထဲတွင် LED နည်း ပညာသုံးဆိုင်းဘုတ်များ၏ မီးအလင်းရောင်များက လည်း ပါဝင်အားဖြည့်ထားလျက်ရှိနေကြသည်။

လူနေထူထပ်သော မြို့ကြီးပြကြီးများတွင် LED ဆိုင်းဘုတ်များကို အသုံးပြုမှုတဖြည်းဖြည်းကျယ်ပြန့် လာသည်နှင့်အမျှ ယာဉ်အန္တရာယ်ဖြစ်ပွားလာနိုင်သည့် အခွင့်အလမ်းကလည်း ပို၍ရှိလာနေသည်။ LED ဆိုင်းဘုတ်ကြီးများတွင် ကြော်ငြာထားသော ရုပ်ပုံများ နှင့်စာသားများကြောင့် ယာဉ်မောင်းသူများအဖို့ သတိ မပြုမိဘဲမနေနိုင်အောင် စူးရှတောက်ပလျက်ရှိနေသည် က တစ်ကြောင်း၊ ကြော်ငြာစာသားများနှင့် ကြော်ငြာ ရုပ်ပုံများ၏ဆွဲဆောင်မှုများရှိနေသည်က တစ်ကြောင်း တို့ကြောင့် ညအချိန်ကားမောင်းသူတို့၏ အမြင်အာရုံ ကို ထွေပြားနောက်ကျိမှုများဖြစ်ပေါ်စေနိုင်သည်။

အရွယ်အစားကြီးမားလွန်းသော LED ဆိုင်းဘုတ် ကြီးများ၊ အရွယ်အစားငယ်သော်လည်း အလွန်နိမ့် သည့်နေရာတွင်တပ်ဆင်ထားသော LED ကြော်ငြာ ဆိုင်းဘုတ်များသည် ယာဉ်မောင်းသူတို့ကို အနှောင့် အယှက်များစွာဖြစ်စေနိုင်သည်။ အထူးသဖြင့် ကား လမ်းမယာဉ်လမ်းကြောင်းကို ကန့်လန့်ဖြတ်လျက် တပ်ဆင်ထားသော အရွယ်အစားကြီးမားသည့် LED ရုပ်မြင်သံကြားဆိုင်းဘုတ်များသည် မြင်ကွင်းပုံရိပ် ကြီးမားလွန်းသည့်အတွက် ယာဉ်မောင်းသူတို့၏ စိတ် အာရုံကိုဆွဲဆောင်နေသည့်အပြင် စူးရှတောက်ပလွန်း သောအလင်းရောင်ကြောင့် ညအချိန်၌ ဆိုင်းဘုတ်ကို မျက်နှာချင်းဆိုင်၍ မောင်းနှင်လာသော ယာဉ်မောင်း သူတို့အတွက် အနှောင့်အယှက်တစ်ခုဖြစ်နေသည်။

**အလင်းရောင်ကင်းမဲ့သည့် ညအခါ၌ ထွန်းညှိထား သော လျှပ်စစ်မီးအလင်းရောင်များသည် လိုအပ်သည် ထက် ပိုမိုတောက်ပနေမည်ဆိုပါက ညအမှောင်ထဲ၌ လူတို့၏ ပကတိမြင်နိုင်စွမ်းအားကို များစွာလျော့ကျ သွားစေသည်။** လျှပ်စစ်မီးများသည် အလင်းရောင် ကင်းမဲ့သော ညအချိန်ကာလအတွက် လိုအပ်ချက် တစ်ရပ်ဖြစ်သော်လည်း လွန်ကဲစွာလင်းထိန်နေအောင် ထွန်းညှိထားခြင်းကမူ ဘေးပတ်ဝန်းကျင်၏ မြင်ကွင်း များအပေါ် အာရုံစူးစိုက်နိုင်မှုကို သိသိသာသာလျော့ ကျသွားစေသည်။

မြို့ကြီးပြကြီးများတွင် လျှပ်စစ်မီးများကို လိုအပ် သည်ထက် ပိုမိုလွန်ကဲစွာ အပြိုင်အဆိုင်ထွန်းညှိထား ခြင်းသည် **အလင်းရောင်ညစ်ညမ်းမှု(Light Pollution)** ကို ဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် အမေရိ ကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျ လိစ်မြို့အနီးရှိ နက္ခတ်တာရာကြည့်မျှော်စင်၏ သုတေ သနလုပ်ငန်းများသည် မြို့ပေါ်၌ထွန်းညှိထားသော ထိန်ထိန်ညီးသည့်လျှပ်စစ်မီးများကြောင့် အခက်အခဲ များစွာနှင့် ရင်ဆိုင်နေရသည်။

၁၉၀၀ ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့သော မောင့်ဝီလ်ဆင်အမည်ရှိ အဆိုပါနက္ခတ်တာရာကြည့် မျှော်စင်၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေ ရသည့်ညအချိန်တွင် လော့စ်အိန်ဂျလိစ်မြို့ကြီးမှ ထွက် ပေါ်လာသော တောက်ပလွန်းသည့် လျှပ်စစ်မီးအလင်း ရောင်များက ကြီးမားသော အနှောင့်အယှက်ကြီး တစ်ခုဖြစ်လျက်ရှိနေသည်။

အလားတူပင် ကမ္ဘာ့အဖွံ့ဖြိုးဆုံးနိုင်ငံများတည်ရှိ ရာ မြောက်အမေရိကတိုက်နှင့် အနောက်ဥရောပ ဒေသများသည်လည်းကောင်း၊ အာရှတိုက်ရှိ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် မလေးရှားကဲ့သို့သော နိုင်ငံများသည်လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသ ရှိ ရေနံပေါကြွယ်ဝသောနိုင်ငံများသည်လည်းကောင်း အလင်းရောင်ညစ်ညမ်းမှု ကြီးမားစွာဖြစ်ပေါ်နေသော နေရာများဖြစ်ကြသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က အမေရိကန်နိုင်ငံ၏ ကောင်းကင်ယံတွင် ဂလက်ဆီနဂါးငွေ့တန်းကို ည အချိန်၌ အမှတ်မထင်တွေ့ရှိခဲ့ကြသည်။ သို့ရာတွင် ထိုနဂါးငွေ့တန်းကို အမေရိကန်ကျေးလက်ဒေသများ ရှိ လူတို့ကသာ မြင်တွေ့နိုင်ခဲ့ကြပြီး အမေရိကန်လူဦးရေ ၏ ၇၅ ရာခိုင်နှုန်းခန့်နေထိုင်လျက်ရှိကြသော မြို့ကြီး ပြကြီးများရှိ မြို့နေလူထုတို့ကမူ မြင်တွေ့ခွင့်မရခဲ့ ကြပေ။ အကြောင်းမှာ အမေရိကန်နိုင်ငံ၏ မြို့ပြများ တွင် ညအချိန်၌ သုံးစွဲထွန်းညှိထားကြသော လျှပ်စစ် မီးအလင်းရောင်များသည် လိုအပ်သည်ထက်ပိုမိုလွန် ကဲနေသောကြောင့် အလင်းရောင်ညစ်ညမ်းမှုဖြစ်ပေါ် ကာ မြို့ပြနေလူထု၏ ညအချိန်ပကတိမြင်နိုင်စွမ်းအား ကို လျော့ကျသွားစေသောကြောင့်ဖြစ်သည်။

ဤနေရာတွင် မြို့ပြဖွံ့ဖြိုးမှုကို တစ်ဖက်ကစဉ်ဆက် မပြတ်လုပ်ဆောင်ရင်း အခြားတစ်ဖက်၌လည်း အလင်း ရောင်ညစ်ညမ်းမှုကို တတ်နိုင်သမျှလျော့ပါးသက်သာ အောင်ဆောင်ရွက်နေကြသည့် ကမ္ဘာ့မြို့ကြီးပြကြီး တချို့ကိုလည်း လေ့လာအတုယူသင့်ကြသည်။ ကမ္ဘာ့ အလှပဆုံးမြို့တော်ဖြစ်သော ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကြီး သည် မြို့ပြဖွံ့ဖြိုးမှု၊ သန့်ရှင်းသပ်ရပ်မှု၊ စည်းကမ်း လေးစားလိုက်နာမှု စသောဂုဏ်ဒြပ်များစွာကိုပိုင်ဆိုင် ထားသလို ညအချိန်၌ လျှပ်စစ်မီးအလင်းရောင်ကို အသုံးပြုရာ၌လည်း မြို့ပြအဆောက်အအုံ၊ လူဦးရေ၊ စီးပွားရေးလုပ်ငန်း စသည်တို့နှင့်အညီ မျှတပြည့်စုံရုံ မျှသာ ဆောင်ရွက်ထားသည်ကို တွေ့ရှိနိုင်သည်။

အလားတူပင် ကမ္ဘာ့ကုလသမဂ္ဂ၏ရုံးအဖွဲ့အများ အပြားကို အခြေပြုရုံးစိုက်ရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ မြို့သည်လည်း ညအချိန်၌ လျှပ်စစ်မီးအလင်းရောင် များကို လွန်ကဲစွာအသုံးပြုထားခြင်းမရှိသည့်အတွက် နေ့ညမရွေး အေးချမ်းငြိမ်သက်ပြီး မြို့နေလူထုမှာ လည်း ညအချိန်၌ အမြင်အာရုံထွေပြားနောက်ကျိမှု မျိုးမှ ကင်းဝေးကြသည်။

အလင်းရောင်ညစ်ညမ်းမှုသည် လူနှင့် ပတ်ဝန်း ကျင်အတွက် ဆိုးကျိုးများသာ ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုသင့်ကြသည်။ လျှပ်စစ်ဓာတ်ကို အသုံးချပြီး အလင်းရောင်ရရှိအောင် တီထွင်ကြံဆခဲ့ကြခြင်း သည် လူတို့ကို အကျိုးပြုစေရန်အတွက်သာလျှင် ဖြစ်သည်။ လျှပ်စစ်မီးအလင်းရောင်ကြောင့် လူတို့ အပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်ရခြင်းမျိုးမှာ မဖြစ်သင့် သောကိစ္စရပ်ဖြစ်သည်။

ထို့ကြောင့်ပင် အလင်းရောင်ညစ်ညမ်းမှုမဖြစ်ပေါ် စေရေးအတွက် မြို့ကြီးပြကြီးများ၌ ညအခါလျှပ်စစ်မီး အလင်းရောင်များကို လွန်ကဲစွာသုံးစွဲထွန်းညှိထားခြင်း များအပေါ် စနစ်တကျကန့်သတ်ထိန်းချုပ်ရန် လိုအပ် သကဲ့သို့ ညအချိန်၌ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး အတွက်လည်း မြို့ပြများ၌ ယာဉ်လမ်းကြောင်းကို ကန့်လန့်ဖြတ်လျက် တပ်ဆင်အသုံးပြုနေကြသည့် LED ကြော်ငြာဆိုင်းဘုတ်ကြီးများကို အရွယ်အစား အလိုက် ကားလမ်းမမျက်နှာပြင်မှ အနည်းဆုံး ပေ ၂၀ ၏အထက်၌သာ တပ်ဆင်ထားရှိသုံးစွဲသွားကြရန် လိုအပ်မည်ဖြစ်ပေသည်။

# နိုင်ငံတကာ သတင်းများ

## လေးရက်ကြာ ရုရှားခရီးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး စတင်

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် လေးရက်ကြာ ရုရှားခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ရုရှားအစိုးရ အမျိုးသားလုံခြုံရေးအကြံပေး နီကိုလိုင်ပက်ထရူရှက်ဗ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။


လာမည့် အောက်တိုဘာလအတွင်း ရုရှားသမ္မတပူတင် တရုတ်နိုင်ငံသို့ သွားရောက်ဖွယ်ရှိနေချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ရုရှားခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားအမျိုးသားလုံခြုံရေးအကြံပေး ပက်ထရူရှက်ဗ်တို့ အနေဖြင့် နှစ်စဉ်ကျင်းပမြဲ လုံခြုံရေးဆွေးနွေးပွဲအတွက် တွေ့ဆုံရန် စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် ရုရှားနိုင်ငံခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်၏ တရုတ်နိုင်ငံခရီးစဉ်အတွက် ရှေ့ပြေးအစီအစဉ်များချမှတ်နိုင်ဖွယ်ရှိသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ပေကျင်းမြို့၌ကျင်းပမည့် ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်ကို ဖိတ်ကြားထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : China Daily**
**Trs : KKO**



## အမေရိကန်နှင့် အီရန်နိုင်ငံတို့ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မည်

**ဒိုဟာ အောက်တိုဘာ ၁၈**

တောင်ကိုရီးယားဘဏ်များ၌ သိမ်းယူခံထားရသည့်အီရန်ငွေကြေးများကို ပြန်ထုတ်ပေးရန်နှင့် အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံ၌ ဖမ်းဆီးခံထားရသည့် အမေရိကန်အကျဉ်းသားများကိုပြန်လွှတ်ပေးရန် အမေရိကန်နိုင်ငံနှင့် အီရန်တို့က သဘောတူထားပြီးဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ အစီအစဉ်အရ ပြန်လည်လွှတ်မြောက်လာမည့် အမေရိကန်နိုင်ငံသားများကို အီရန်နိုင်ငံမှ ကာတာနိုင်ငံ ဒိုဟာမြို့သို့ပို့ဆောင်ရေးအတွက် ကာတာလေယာဉ်တစ်စင်းက အီရန်တွင်အသင့်စောင့်ဆိုင်းနေကြောင်း ကာတာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက ပြန်ထုတ်ပေးရန်သဘောတူခဲ့သည့် ဒေါ်လာခြောက်ဘီလီယံကို လူမှုအကျိုးပြုလုပ်ငန်းများအတွက်သာ အီရန်နိုင်ငံသုံးစွဲရေးအတွက် ကာတာနိုင်ငံက အာမခံချက်ပေးထားသည်။

အမေရိကန်နိုင်ငံ၌ ဖမ်းဆီးခံထားရသည့် အီရန်နိုင်ငံသားငါးဦးနှင့် အကျဉ်းသားချင်းလဲလှယ်ရေးအတွက် အမေရိကန်အကျဉ်းသားငါးဦးကို အီရန်နိုင်ငံတွင်းမှခေါ်ထုတ်ပေးရန် ကာတာလေယာဉ်တစ်စင်းက ယနေ့တွင် အီရန်နိုင်ငံသို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကာတာနိုင်ငံ၏ကြားဝင်ညှိနှိုင်းမှုဖြင့် တောင်ကိုရီးယား၌သိမ်းယူခံထားရသော အီရန်ပိုင်ငွေကြေး အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကို တောင်ကိုရီးယားဘဏ်များက ပြန်ထုတ်ပေးခဲ့ပြီးနောက် အကျဉ်းသားချင်းလဲလှယ်ရေး အစီအစဉ်အတွက် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။

တောင်ကိုရီးယားဘဏ်များက အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုများအရ ၎င်းတို့သိမ်းယူထားသော အီရန်ပိုင်ငွေကြေးများကို ကာတာနိုင်ငံသို့လွှဲပြောင်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

## တရုတ်(တိုင်ပေ)အနီးသို့ စစ်လေယာဉ် ၁၀၃ စင်း တရုတ်စေလွှတ်



**တိုင်ပေ အောက်တိုဘာ ၁၈**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ) သည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း တရုတ်(တိုင်ပေ)ဝန်းကျင်သို့ စစ်လေယာဉ် အစင်း ၁၀၃ စင်းစေလွှတ်ခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီနှင့် ယနေ့ နံနက် ၆ နာရီကြားကာလအတွင်း တရုတ်စစ်ဘက်ကစေလွှတ်ခဲ့သည့် စစ်လေယာဉ် ၁၀၃ စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါစစ်လေယာဉ်များအနက် အစင်း ၄၀ တို့မှာ တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)တို့ကြား ပိုင်းခြားပေးထားသည့် ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်ကြား ၂၄ နာရီကာလအတွင်း တရုတ်(တိုင်ပေ)ဝန်းကျင်၌ တရုတ်စစ်သင်္ဘောကိုးစီးကိုလည်း ထောက်လှမ်း တွေ့ရှိခဲ့ရကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်းတရုတ်စစ်ဘက်သည် တရုတ်(တိုင်ပေ)အနီးသို့ ရှန်တုန်းလေယာဉ်တင်သင်္ဘော ဦးဆောင်သည့် ရေတပ်အုပ်စုကိုစေလွှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့်ကနေဒါစစ်သင်္ဘောများ ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့ပြီးနောက် တရုတ်စစ်ဘက်က အဆိုပါရေတပ် သင်္ဘောအုပ်စုကို တရုတ်(တိုင်ပေ)အနီး စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် မှတ်ယူထားပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : AP**
**Trs : KKO**

## လွှတ်တော်အဆောက်အအုံသစ်သို့မရွှေ့ပြောင်းမီ အဆောက်အအုံဟောင်း၌ အိန္ဒိယလွှတ်တော်အမတ်များ နောက်ဆုံးဆွေးနွေးပွဲကျင်းပ

**ဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယ လွှတ်တော်အမတ်များသည် လွှတ်တော်အဆောက်အအုံသစ်သို့မရွှေ့ပြောင်းမီ လွှတ်တော်အဆောက်အအုံဟောင်း၌ နောက်ဆုံးဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကျင်းပခဲ့သော လွှတ်တော်အဆောက်အအုံဟောင်း နောက်ဆုံးဆွေးနွေးပွဲသို့ လက်ရှိကျင်းပဆဲ ငါးရက်ကြာအထူးလွှတ်တော်အစည်းအဝေးများအား သပိတ်မှောက်ထားသည့် အတိုက်အခံပါတီများမှ လွှတ်တော်အမတ်များလည်း တက်ရောက်ခဲ့ကြသည်။

အိန္ဒိယ လွှတ်တော်အမတ်များအနေဖြင့် စက်တင်ဘာ ၁၉ ရက်မှစ၍ လွှတ်တော်အစည်းအဝေးများကို လွှတ်တော်သစ်အဆောက်အအုံတွင်သာကျင်းပတော့မည်ဖြစ်သည်။

လွှတ်တော် အဆောက်အအုံဟောင်း နောက်ဆုံးဆွေးနွေးပွဲသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီလည်းတက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် မိုဒီဦးဆောင်သည့် လက်ရှိအိန္ဒိယအစိုးရသည် နယူးဒေလီမြို့ရှိ ဗြိတိသျှကိုလိုနီခေတ်ရုံးအဆောက်အအုံများပြန်လည်မွမ်းမံရေးအစီအစဉ်အရ လွှတ်တော်သစ်အဆောက်အအုံကို အမေရိကန်ဒေါ်လာသန်း ၁၂၀ သုံးစွဲတည်ဆောက်ခဲ့သည်။

အဆိုပါလွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲကို အိန္ဒိယအစိုးရက ယခုနှစ်မေလတွင် ကျင်းပခဲ့ရာ အတိုက်အခံပါတီများက ယင်းဖွင့်ပွဲကို သပိတ်မှောက်ခဲ့ကြကြောင်း သိရသည်။

**Ref : PTI**
**Trs : KKO**

## လာမည့် ၂၀၂၄ ဘဏ္ဍာနှစ် အစိုးရအသုံးစရိတ်ကို ဘတ်ငွေ ၃ ဒသမ ၄၈ ထရီလီယံ ထိုင်းအစိုးရတိုးမြှင့်

**ဗန်ကောက် အောက်တိုဘာ ၁၈**

၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်အတွက် အစိုးရအသုံးစရိတ်ကို ဘတ်ငွေ ၃ ဒသမ ၄၈ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၆၄ ဘီလီယံ) ထိမြှင့်တင်ရန် ထိုင်းအစိုးရအဖွဲ့သစ်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။



တုံ့နှေးနေသော စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့်တင်ရေးအတွက် ၂၀၂၄ ဘဏ္ဍာနှစ်အစိုးရ အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၆၄ ဘီလီယံထိ မြှင့်တင်မည်ဖြစ်သည်ဟု ထိုင်းအစိုးရအဖွဲ့သစ်၏ လက်ထောက်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

ဖွေထိုင်းပါတီ ဦးဆောင်သည့် ထိုင်းညွန့်ပေါင်း အစိုးရအဖွဲ့က ပြင်ဆင်အတည်ပြုခဲ့သော ၂၀၂၄ ဘဏ္ဍာနှစ်အသုံးစရိတ်သည် ယခင်အစိုးရအဖွဲ့က အတည်ပြုပေးထားသည့် မူလအသုံးစရိတ် လျာထားချက်ထက် ၃ ဒသမ ၉ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

လက်ရှိ ထိုင်းအစိုးရအဖွဲ့သစ် မတိုင်မီအစိုးရအဖွဲ့သည် ၂၀၂၄ ဘဏ္ဍာရေးနှစ် အစိုးရအသုံးစရိတ်ကို ဘတ်ငွေ ၃ ဒသမ၃၅ ထရီလီယံအဖြစ် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။


ထိုင်းအစိုးရအနေဖြင့် ၂၀၂၄ ဘဏ္ဍာရေးနှစ် အစိုးရအသုံးစရိတ် လျာထားချက်ကို လွှတ်တော်နှစ်ရပ်သို့ လာမည့်နှစ် ဇန်နဝါရီလတွင် တင်သွင်းမည်ဖြစ်သည်။

ယင်းအစိုးရအသုံးစရိတ်အဆိုပြုချက်ကို လွှတ်တော်နှစ်ရပ်တွင် ဆွေးနွေးပြီးနောက် ထိုင်းဘုရင်က အတည်ပြုပေးမည် ဖြစ်ကြောင်း သိရသည်။

**Ref : Bangkok Post**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## WFST က စမ်းသပ်ကာလတစ်လ လွန်မြောက်ပြီး စူးစမ်းလေ့လာရေးလုပ်ငန်းများစတင်နေပြီဖြစ်



**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ၏ မြင်ကွင်းကျယ် ရေဒီယိုတယ်လီစကုပ် (WFST) သည် စမ်းသပ်ကာလတစ်လ လွန်မြောက်ပြီးနောက် စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက စက်တင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

WFST ရေဒီယိုတယ်လီစကုပ်သည် ၎င်းလေ့လာစူးစမ်းနေသော အင်ဒရိုမီးဒါးကြယ်စု၏ ပထမဆုံး ဓာတ်ပုံကို စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။

WFST ရေဒီယိုတယ်လီစကုပ်က ရိုက်ကူးထားသည့် အထက်ပါ ဓာတ်ပုံသည် ကမ္ဘာပေါ်၌ မြင်ကွင်းအကျယ်ဆုံးနှင့် ပုံရိပ်အရည်အသွေးအကောင်းဆုံး အင်ဒရိုမီးဒါးကြယ်စု ဓာတ်ပုံဖြစ်သည်။

အင်ဒရိုမီးဒါးကြယ်စုသည် နဂါးငွေ့တန်းကြယ်စုနှင့် အနီးဆုံးကြယ်စုဖြစ်ပြီး ကမ္ဘာမြေနှင့် အလင်းနှစ် ၂ ဒသမ ၅ သန်းကျော်အကွာတွင် တည်ရှိသည်။

WFST ရေဒီယိုတယ်လီစကုပ်သည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချင်းဟိုင်ပြည်နယ်၌တည်ရှိပြီး တရုတ်သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များနှင့် တရုတ်သိပ္ပံအကယ်ဒမီမှသိပ္ပံပညာရှင်များ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကို တရုတ်သိပ္ပံပညာရှင်များက ချင်းဟိုင်ပြည်နယ် လန်ဟူးမြို့၌ ၂၀၁၉ ခုနှစ် ဇူလိုင်လကပင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**Ref : CGTN**
**Trs : KKO**

## အပင်စားဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်နိုင်ငံ အိုင်းစ်အော့ဖ်ဝိုက်ကျွန်း၌ ရှာဖွေတွေ့ရှိထား


**လန်ဒန် စက်တင်ဘာ ၁၈**

အပင်စားဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်နိုင်ငံ အိုင်းစ်အော့ဖ်ဝိုက်ကျွန်း၌ ရှာဖွေတွေ့ရှိထားကြောင်း ဗြိတိန်မီဒီယာများက စက်တင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Vectidromeus Insularis ဟူ၍ ဗြိတိန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Vectidromeus Insularis ဒိုင်နိုဆောများသည် Hypsiloph-odont ခေါ် အပင်စားဒိုင်နိုဆောမျိုးရင်းဝင်မျိုးစိတ်သစ်တစ်မျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Vectidromeus Insularis ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၅ သန်းခန့်ကပင် အိုင်းစ်အော့ဖ်ဝိုက် ကျွန်းပေါ်၌ တိုင်ရန်နိုဆောရပ်များ၊ စပီနိုဆောရပ်စ်များနှင့်အတူ ယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း၊ မိမိတို့တွေ့ရှိထားရသည့် Vectidromeus Insularis ဒိုင်နိုဆောမှာ ကြက်တစ်ကောင်၏ အရွယ်အစားမျှသာ ရှိသော်လည်း ကြီးကောင်ဝင်ချိန်တွင် အရွယ်အစားပိုကြီးလာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားသည် အာရှနှင့် မြောက်အာဖရိကတိုက်တို့မှ အပင်စားဒိုင်နိုဆောများနှင့်ကွဲပြားသည့် အပင်စားဒိုင်နိုဆောတစ်မျိုး ဥရောပ၌ ရှိခဲ့ကြောင်းကို ပြသနေကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Independent**
**Trs : KKO**

## ပလပ်စမာရုပ်မှုန်အမြီးတန်းအတွင်းရှိ စွမ်းအင်မြင့်အီလက်ထရွန်အက်တမ်များ ရိုက်ခတ်မှုကြောင့် လပေါ်၌ ရေဓာတ်ပေါ်ထွက်လာခြင်းဖြစ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ကမ္ဘာဂြိုဟ်၏ ပတ်ပတ်လည်မှ ပလပ်စမာရုပ်မှုန် အမြီးတန်းအတွင်းရှိ စွမ်းအင်မြင့်အီလက်ထရွန်အက်တမ်များရိုက်ခတ်မှုကြောင့် လပေါ်၌ ရေဓာတ်ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကမ္ဘာမြေပတ်ပတ်လည်ရှိ ပလပ်စမာရုပ်မှုန်လွှာ(Magne-totail)ကို လဖြတ်သန်းစဉ် လမျက်နှာပေါ်ရှိ တွင်းထွက်ဓာတ်များပြိုကွဲမှုကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကမ္ဘာဂြိုဟ်၏ ပလပ်စမာ ရုပ်မှုန်လွှာအတွင်းမှ စွမ်းအင်မြင့် အီလက်ထရွန်များကြောင့် လပေါ်ရှိ တွင်းထွက်ဓာတ်များပြိုကွဲပြီး ရေဓာတ်ပေါ်ထွက်လာနိုင်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Magnetotail ပလပ်စမာရုပ်မှုန်လွှာသည် စွမ်းအင်မြင့်အီလက်ထရွန်များနှင့် နေစွမ်းအင်လေစီးကြောင်းများမှ ထွက်ပေါ်လာသော ကမ္ဘာဂြိုဟ်ဆီမှထွက်ပေါ်လာသော အိုင်ယွန်လျှပ်စစ်ဓာတ်ဆောင်ရုပ်မှုန်များဖြင့် ဖွဲ့စည်းထားသောနယ်မြေဖြစ်သည်။

လကမ္ဘာပေါ်၌ ရေဓာတ်ပေါ်ထွက်ပျံ့နှံ့ပုံကို နားလည်ပါက လ၏ ဆင့်ကဲဖြစ်စဉ်ကို လေ့လာဖော်ထုတ်ရာတွင် အထောက်အကူရနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

# HEALTH

## ဓမ္မတာမကုန်ဆုံးမီ မျိုးဥအိမ်ဖယ်ရှားထားသူများ နာတာရှည်ကျန်းမာရေးပြဿနာနှင့် ရင်ဆိုင်ရနိုင်

**နယူးယောက် စက်တင်ဘာ ၁၈**

ဓမ္မတာရာသီကုန်ဆုံးချိန်မတိုင်မီ မျိုးဥအိမ်ဖယ်ရှားထားသူ အမျိုးသမီးများသည် နာတာရှည်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ပြီး ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည် ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် သားအိမ်တစ်ရှူးများ ထူလာမှုပြဿနာ (Endo-Metriosis)အပါအဝင် ကျန်းမာရေးပြဿနာများကြောင့် မျိုးဥအိမ်ခွဲစိတ်ဖယ်ရှားရနိုင်သလို မျိုးဗီဇပြဿနာများကြောင့်လည်း ခွဲစိတ်ဖယ်ရှားရနိုင်သည်။

သို့ရာတွင် ဓမ္မတာရာသီမကုန်ဆုံးမီ မျိုးဥအိမ်ခွဲစိတ်ဖယ်ရှားထားရသော အမျိုးသမီးများတွင်မူ နာတာရှည်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ အသက် ၄၆ နှစ်နှင့် ၄၉ နှစ်ကြားအသက်အရွယ်တွင် မျိုးဥအိမ်ခွဲစိတ်ဖယ်ရှားထားသူအမျိုးသမီးများ၌ အရိုးဆက်ရောင်ရမ်းနာရောဂါ(Arthritis) နှင့် အိပ်စက်စဉ် လေပြွန်ပိတ်ဆို့မှုပြဿနာတို့ပေါ်လာနိုင်ခြေအလွန်များကြောင်း သိရသည်။

အလားတူ အသက် ၄၆ နှစ်မတိုင်မီ မျိုးဥအိမ်ခွဲစိတ်ဖယ်ရှားထားသူများတွင်မူ အရိုးဆက်ရောင်ရမ်းနာရောဂါ၊ ပန်းနာရင်ကျပ်၊ အိပ်စက်စဉ်လေပြွန်ပိတ်ဆို့မှုပြဿနာနှင့် အရိုးကျိုးအက်နိုင်ခြေများ မြင့်မားလာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓမ္မတာရာသီမကုန်ဆုံးမီ မျိုးဥအိမ်ခွဲစိတ်ဖယ်ရှားထားသူများနှင့် ဖယ်ရှားရန်မလိုအပ်သူ အမျိုးသမီးပေါင်း ၂၇၄ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**

## FluMos-v2 ဆေး ပဏာမအဆင့်စမ်းသပ်မှု အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျူပြုလုပ်

**နယူးယောက် စက်တင်ဘာ ၁၈**

တုပ်ကွေးဗိုင်းရပ်ပေါင်းစုံကာကွယ်ဆေးတစ်မျိုး (FluMos-v2) ပဏာမအဆင့်စမ်းသပ်မှုကို အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျူက စတင်ပြုလုပ်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

FluMos-v2ဟူ၍ အမည်ပေးထားသည့် အဆိုပါကာကွယ်ဆေးသည် တုပ်ကွေး အေဗိုင်းရပ်လေးမျိုးနှင့် ဘီဗိုင်းရပ်နှစ်မျိုးတို့ကို ကာကွယ်ရန် ထုတ်လုပ်ထားသည့် ကာကွယ်ဆေးဖြစ်သည်။

တုပ်ကွေးဗိုင်းရပ်ပေါင်းစုံ ကာကွယ်ဆေးတစ်မျိုးသည် တစ်နှစ်လျှင် တစ်ကြိမ်သာထိုးရန်လိုသလို တုပ်ကွေး ဗိုင်းရပ်မျိုးစုံကိုလည်း ကာကွယ်ပေးနိုင်ရမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျူမှ တာဝန်ရှိသူများက ပြောကြားသည်။

FluMos-v2 ကာကွယ်ဆေးသည် ပဏာမအဆင့်စမ်းသပ်မှုတွင် အသက် ၁၈ နှစ်နှင့် အသက် ၅၀ ကြား ကျန်းမာရေးကောင်းမွန်သူ ၂၄ ဦးပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ တုပ်ကွေးပေါင်းစုံကာကွယ်ဆေးကို အမျိုးသားဓာတ်မတည့်ရောဂါနှင့် ကူးစက်ရောဂါများဆိုင်ရာအင်စတီကျူမှဆေးပညာရှင်များက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ယူ-၂၃ အောက် လာလီဂါတစ်လတာ အကောင်းဆုံးဆုကို တိုက်စစ်မှူးယာမယ် ဆွတ်ခူး

**မက်ဒရစ် အောက်တိုဘာ ၁၈**

ဩဂုတ်လအတွက် ယူ-၂၃ အောက် လာလီဂါတစ်လတာ အကောင်းဆုံးဆုကို ဘာစီလိုနာအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့် တိုက်စစ်မှူးယာမယ်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆ နှစ်ရှိ တိုက်စစ်မှူးယာမယ်သည် ဩဂုတ်လအတွင်း ဘာစီလိုနာအသင်းနှင့်အတူ ဂီတာဖေးအသင်း၊ ကာဒီဇက်အသင်း၊ ဗီလာရီးရဲလ်အသင်းတို့ ပွဲစဉ်တွင် ပါဝင်ကစားခဲ့ရာ၌ ခြေစွမ်းပြသနိုင်ခဲ့ပြီး ဗီလာရီးရဲလ်အသင်းကို လေးဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက်ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်၍ အသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် တစ်လတာအကောင်းဆုံးလူငယ်ကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းသည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွင် ပါဝင်ခွင့်ရခဲ့ပြီး ပထမဆုံးပွဲဦးထွက်ပွဲစဉ်တွင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် စပိန်ဘောလုံးသမိုင်းတွင် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ပြီးနောက် လူငယ်ကစားသမားဖြစ်သည့် ဘီလ်ဘာအိုကစားသမား အင်နာကီဗီလျံနှင့် ဆိုစီဒက်ကစားသမားကူဘိုတို့ကို ကျော်ဖြတ်၍ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကို ဆွတ်ခူးခဲ့သည်။

တိုက်စစ်မှူး ယာမယ်သည် ၂၀၂၂ ခုနှစ်က ဘာစီလိုနာယူ-၁၉ အသင်းသို့ရောက်ရှိခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ယခုနှစ် မေလတွင် အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့ကာ နည်းပြဇာဗီက ၎င်း၏ခြေစွမ်းပိုင်းကို သဘောကျသဖြင့် အသင်းကြီးသို့ခေါ်ယူခဲ့ရာ ပြိုင်ပွဲစုံခြောက်ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အပြင် နိုင်ငံလက်ရွေးစင်အသင်းတွင်လည်း ယူ-၁၇ အသင်းနှင့်အတူ ငါးပွဲပါဝင်ခဲ့ရာ သွင်းဂိုးလေးဂိုးနှင့်လက်ရွေးစင်အသင်းကြီးတွင်နှစ်ပွဲပါဝင်ခဲ့ရာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Barcablaugranes**

**Trs : ML**



# အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်



**ရန်ကုန် အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ အပြီးသတ်ကစားသမားစာရင်းကို နည်းပြယူကီတက်ဆူရိုက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နည်းပြ ယူကီတက်ဆူရိုက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်ကစားသမားစာရင်းကို ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများနှင့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ခြေစွမ်းပြသနိုင်ခဲ့သည့်ကစားသမားများဖြင့်စုဖွဲ့ပြီး အပြီးသတ်ကစားသမား ၂၂ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ထက်အိန္ဒြာလင်း၊ ခံစစ်ကစားသမား နေရာတွင် ဇွန်ယုယဉ်း၊ မိုးမမစိုး၊ အိအိကျော်၊ ဖြူဖွေး၊ ခိုင်သဇင်၊ မြသက်မွန်မြင့်၊ ဖြူဖြူဝင်း၊ငယ်ငယ်ထွေး၊ ကွင်းလယ်ကစားသမားနေရာတွင် ခင်မိုမိုထွန်း၊ ဝင်းဝင်း၊ ပွံ့ပွံ့ပြည့်မောင်၊ နော်ထက်ထက်ဝေ၊ ဝေဖူးအိန်၊ တိုက်စစ်ကစားသမားနေရာတွင် မြတ်နိုးခင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်၊ ယဉ်လွန်းအိန်၊ ယွန်းဝတီလှိုင်နှင့် ဝင်းသီဂီထွန်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယားအမျိုးသမီးအသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဟောင်ကောင်အမျိုးသမီးအသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ဖိလစ်ပိုင်အမျိုးသမီးအသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဒီဘာရိုင်းကို စာချုပ်သက်တမ်းတိုးရန် ဆိုင်းငံ့ထားကြောင်း မန်စီးတီးအသင်း ထုတ်ပြန်

**မန်ချက်စတာ အောက်တိုဘာ ၁၈**

မန်စီးတီးအသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် ၁၈ လသာ ကျန်ရှိတော့သည့် ကွင်းလယ်ကစားသမား ဒီဘာရိုင်းကို စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေသော်လည်းယခုအခါ သက်တမ်းတိုးမည့်ဆွေးနွေးမှုကို ဆိုင်းငံ့ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သည့် ဒီဘာရိုင်းကိုအစောပိုင်းက သက်တမ်းတိုးရန် ဆွေးနွေးခဲ့သော်လည်း ၎င်းသည်ကြွက်သားဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကာ လာမည့်နှစ်စပိုင်းမှ အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်၍ ၎င်းအနေဖြင့် ဒဏ်ရာပြန်လည်သက်သာချိန်မှသာ စာချုပ်သက်တမ်းတိုးရန် ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေသော အသက် ၃၂ နှစ်ရှိ ဒီဘာရိုင်းသည် ပြီးခဲ့သည့် ဇွန်လက ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် အသင်း၏ရာသီကြိုခြေစမ်းပွဲစဉ်များကို လွဲချော်ခဲ့သည့်အပြင် ဒဏ်ရာအခြေအနေမှာ တိုးတက်လာခြင်းမရှိ၍ ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကာ လာမည့်နှစ်မှသာ အသင်းနှင့်ပူးပေါင်းနိုင်မည်ဖြစ်ပြီး အသင်းအနေဖြင့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမားအတွက် သက်တမ်းတိုးမည့်ကိစ္စကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

**Ref : Daily Star**

**Trs : ML**

# အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး မာတင်နယ်လီ ဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းပြောကြား

**လန်ဒန် အောက်တိုဘာ ၁၈**

စက်တင်ဘာ ၁၇ ရက်က ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးမာတင်နယ်လီမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု အာဆင်နယ်အသင်းက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပွဲကစားချိန် ၁၉ မိနစ်အရောက်တွင် ကွင်းလယ်ကစားသမားဖော်ဘီယိုဗီအဲရာ၏ ပေးပို့မှုမှ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း လူကျွံအနေအထားကြောင့် VAR ဖြင့်ပယ်ပျက်ခံခဲ့ရပြီးနောက် ၎င်းအနေဖြင့်လည်း ကြွက်သားဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမားထရိုဆာ့ဒ်နှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် အာဆင်နယ်အသင်းက မာတင်နယ်လီ၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်နေပြီး မကြာမီအသေးစိတ်ထုတ်ပြန်မည် ဖြစ်သော်လည်း လာမည့် စက်တင်ဘာ ၂၀ ရက်တွင် ကစားရမည့် ပီအက်စ်ဗွီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သောကြောင့် နည်းပြအာတီတာက စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နည်းပြအာတီတာက "သူ့အနေနဲ့ ဂိုးသွင်းယူဖို့ကြိုးစားတဲ့အချိန်မှာ ကြွက်သားဒဏ်ရာ ရရှိခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ သူဟာပုံမှန်အားဖြင့် ကြံ့ခိုင်မှုအားကောင်းတာကြောင့် ပြိုင်ပွဲအတွင်းမှာ အခုလိုဒဏ်ရာပြဿနာမျိုးမရှိခဲ့ပါဘူး။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ ကြွက်သားဒဏ်ရာကြောင့် ထွက်ခွာခဲ့ရတာကို မြင်တွေ့ခဲ့ရတာပါ။ ဒဏ်ရာနဲ့ပတ်သက်လို့ အသေးစိတ် မထုတ်ပြန်သေးပေမဲ့ အချိန်ကာလတစ်ခုထိအနားယူရမှာဖြစ်ပါတယ်။ ဘယ်အချိန်မှာ အသင်းနဲ့ပူးပေါင်းနိုင်မလဲ စောင့်ကြည့်သွားရမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : Football London**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ဒဏ်ရာသက်သာလာသည့် ခံစစ်ကစားသမား အာရှုဂျိုအနေဖြင့် အသင်းနှင့်လေ့ကျင့်ခန်း ပြန်လည်ပြုလုပ်လျက်ရှိနေပြီး လာမည့်ပွဲစဉ်များတွင် ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်ကစားသမား ဗယ်ဗာဒီသည် နွေရာသီအပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ကမ်းလှမ်းမှုကိုရရှိခဲ့သော်လည်း ၎င်းသည် ရီးရဲလ်မက်ဒရစ်တွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းက လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်အသင်းကစားသမား ပါကွီတာကို စတာလင်ပေါင် ၅၂ သန်းဖြင့်ကမ်းလှမ်းမှုပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ML

# မန်ယူအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကို ဘိုင်ယန်မြူးနစ်အသင်း နည်းပြ တူချယ် လွဲချော်မည်




**မြူးနစ် အောက်တိုဘာ ၁၈**

ဘိုင်ယန်မြူးနစ်အသင်းနည်းပြတူချယ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားမည့် မန်ယူအသင်းနှင့် ပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြတူချယ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရပြီး အဆိုပါပြစ်ဒဏ်မှာ ယခုနှစ်ဘောလုံးရာသီတွင်ပါ အကျုံးဝင်မည်ဖြစ်သည့်အတွက် မန်ယူအသင်းနှင့်ပွဲစဉ်ကို လွဲချော်သွားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)တွင် မန်ယူအသင်း၊ ကိုပင်ဟေဂင်အသင်း၊ ဂါလာတာစာရေးအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက်တွင် မန်ယူအသင်းနှင့် အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

နည်းပြတူချယ်အနေဖြင့် မန်ယူအသင်းနှင့်ကစားမည့် အုပ်စုအဖွင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း အောက်တိုဘာ ၄ ရက်တွင် ကစားမည့် ကိုပင်ဟေဂင်အသင်းနှင့် အဝေးကွင်းပွဲစဉ်တွင် ပြန်လည်တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ထားပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ လေးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : 90Min**
**Trs : STA**

# WBC၊ WBO ချန်ပီယံ စတီဗင်ဆင်က WBA ချန်ပီယံ ဂါဗွန်တာကို စိန်ခေါ်မှုပြုလုပ်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

WBC၊ WBO ဖယ်သာဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်သည် WBA(Regular) လိုက်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာနှင့် ထိုးသတ်ရန်ဆန္ဒရှိနေပြီး တရားဝင်စိန်ခေါ်မှုလည်း ပြုလုပ်ထားသည်။

အမေရိကန် လက်ဝှေ့သမား စတီဗင်ဆင်အနေဖြင့် လိုက်ဝိတ်တန်းတွင် ဂါဗွန်တာနှင့်ထိုးသတ်ခွင့်ရရေးအတွက်အကောင်းဆုံးပြင်ဆင်ထားသလို ၎င်း၏စိန်ခေါ်မှုကိုလည်း ဂါဗွန်တာဘက်မှ လက်ခံသွားရန် မျှော်လင့်နေကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်က ဂါဗွန်တာကို အနိုင်ထိုးသတ်ကာ လက်ဝှေ့လောကတွင် ၎င်း၏စွမ်းဆောင်ရည်များကို ပရိသတ်များအသိအမှတ်ပြုလာစေရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သော်လည်း ဂါဗွန်တာသည် WBA(Regular) လိုက်ဝိတ်တန်းချန်ပီယံကို စိန်ခေါ်ခွင့်ရမည့် ပြိုင်ဘက်များကစိန်ခေါ်လာပါက ယင်းစိန်ခေါ်မှုများကို ဦးစားပေးလက်ခံရမည်ဖြစ်သည်။

ထို့ပြင် ဂါဗွန်တာသည် ခံစစ်ကိုအသားပေးသော ပြိုင်ဘက်များနှင့် ထိုးသတ်သွားရန် ဆန္ဒမရှိဘဲအပြန်အလှန်ထိုးသတ်ရသည့် ပြိုင်ဘက်မျိုးကိုသာ ရွေးချယ်လက်ခံလေ့ရှိသူလည်းဖြစ်သည်။

ရှုံးပွဲမရှိသေးသည့် ဂါဗွန်တာသည် ခံစစ်ဦးစားပေးသည့် ယူကရိန်းလက်ဝှေ့သမား လိုမာချန်ကို၏ စိန်ခေါ်မှုကိုပင် ငြင်းဆန်ခဲ့သူလည်းဖြစ်သည်။

စတီဗင်ဆင်သည် ရှုံးပွဲမရှိသေးသည့် ချန်ပီယံတစ်ဦးဖြစ်သော်လည်း ခံစစ်ကိုအသားပေးသည့် နည်းစနစ်ဖြင့် ထိုးသတ်သူတစ်ဦးဖြစ်သည့်အတွက်ကြောင့် ဂါဗွန်တာထိုးသတ်လိုသော လက်ဝှေ့သမားစာရင်းတွင် ပါဝင်နေခြင်းမရှိသည့်အတွက် စတီဗင်ဆင်၏ စိန်ခေါ်မှုကို ဂါဗွန်တာအနေဖြင့် ငြင်းပယ်သွားဖွယ်လည်း ရှိနေကြောင်း သိရသည်။

**Ref : Boxing Scene**
**Trs : AZL**

# ဂီတာဖေးတိုက်စစ်မှူး ဂရင်းဝုဒ်ကို အိုဆာဆူနာအသင်းပရိသတ်များ အော်ဟစ်လှောင်ပြောင်ခဲ့သည့်အတွက် အရေးယူမှုပြုလုပ်မည်ဟုဆို




**မက်ဒရစ် အောက်တိုဘာ ၁၈**

စပိန်လာလီဂါ အဖွဲ့ချုပ်က စက်တင်ဘာ ၁၇ ရက်တွင် ကစားခဲ့သည့် ဂီတာဖေးအသင်းနှင့်အိုဆာဆူနာအသင်းတို့ပွဲစဉ်တွင် အိုဆာဆူနာအသင်း ပရိသတ်များက ဂီတာဖေးအသင်း တိုက်စစ်မှူး ဂရင်းဝုဒ်ကို ရိုင်းပြစွာအော်ဟစ်လှောင်ပြောင်ခဲ့သည့်အတွက် အိုဆာဆူနာအသင်းကို အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂရင်းဝုဒ်သည် ၎င်း၏ချစ်သူကို ကိုယ်ထိလက်ရောက် ကျူးလွန်ပြီး နေအိမ်အကြမ်းဖက်မှုနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် မန်ယူအသင်းတွင် ကစားခွင့် မရရှိခဲ့သည့်အတွက် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဂီတာဖေးအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသူဖြစ်သည်။

ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဂီတာဖေးအသင်းနှင့် အိုဆာဆူနာ အသင်းတို့ကစားခဲ့သည့်ပွဲစဉ် ပွဲချိန် ၇၇ မိနစ်တွင် လူစားဝင်ကစားခဲ့ပြီးနောက် အသင်းနှင့် ပထမဆုံးပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

ဂီတာဖေးအသင်းက အိုဆာဆူနာအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲကစားချိန်အတွင်း အိုဆာဆူနာအသင်း ပရိသတ်များက ဂရင်းဝုဒ်သေဆုံးပြီဟု အော်ဟစ်လှောင်ပြောင်ခဲ့သည့်အတွက် ယခုအခါ စပိန်လာလီဂါအဖွဲ့ချုပ်က အရေးယူမှုပြုလုပ်ရန်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

**Ref : The Sun**
**Trs : STA**

# Fortinet Championship ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ကစားသမားတီဂလာ ဆွတ်ခူး

**စကော့ဒယ် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် စကော့ဒယ်မြို့တွင်ကျင်းပခဲ့သည့် Fortinet Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားတီဂလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၀ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်ဆောင်ဟွန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းဒါဗစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

တီဂလာသည် နောက်ဆုံးနေ့တွင် Birdies ရိုက်ချက် ငါးကျင်းထိ ရရှိခဲ့ပြီး သုံးကျင်း Bogey ဖြစ်ခဲ့သော်လည်း တတိယနေ့ထိရရှိခဲ့သောရလဒ်များနှင့် နောက်ဆုံးနေ့တွင်လည်း ပုံမှန်လက်စွမ်းကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့သည့်အတွက်ကြောင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တီဂလာက "ကျွန်တော့်အတွက် ပထမဆုံးသော PGA Tour ဆုဖလားဖြစ်ပါတယ်။ ဒီဆုဖလားကို ကျွန်တော်တစ်ယောက်တည်းကြောင့် ရယူနိုင်ခဲ့တာ မဟုတ်ပါဘူး။ နည်းပြနဲ့ ကက်ဒီတို့ရဲ့ကူညီမှုတွေကြောင့် ဒီဆုဖလားကိုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Planet Sport**
**Trs : AZL**




# 2023 Laver Cup တင်းနစ်ပြိုင်ပွဲဝင်မည့် Team Europe မှ နုတ်ထွက်ကြောင်း ဒိန်းမတ်ကစားသမား ဟိုလ်ဂါရှနီ ထုတ်ဖော်ပြောကြား

**ကိုပင်ဟေဂင် အောက်တိုဘာ ၁၈**

ကမ္ဘာ့အဆင့်(၄) နေရာတွင် ရပ်တည်နေသည့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှနီသည် 2023 Laver Cup တင်းနစ်ပြိုင်ပွဲဝင်မည့် Team Europe မှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ရှိ ဟိုလ်ဂါရှနီသည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရပြီး ကျန်းမာရေးမကောင်းသည့်အတွက်ကြောင့်လည်း တင်းနစ်လေ့ကျင့်မှုမှ ခေတ္တရပ်နားထားရသည်။

Team Europe အသင်းအနေဖြင့်လည်း အကောင်းဆုံးကစားသမားစာရင်းဝင် ဟိုလ်ဂါရှနီကို လက်လွှတ်ရမည်ဖြစ်သောကြောင့် 2023 Laver Cup တင်းနစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရန်အတွက် ရုန်းကန်ရဖွယ်ရှိနေသည်။

ဒဏ်ရာပြဿနာ ပြန်လည်ကောင်းလည်း ဟိုလ်ဂါရှနီက သက်သာပြီး ကြံ့ခိုင်မှုရာနှုန်းပြည့်ကောင်းမွန်မှသာ တင်းနစ်လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်သလို အကောင်းဆုံးပုံစံပြန်လည်ရရှိရန်လည်း မျှော်လင့်နေကြောင်း ဟိုလ်ဂါရှနီက ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် အတွက်ကြောင့်လည်း ပုံစံကောင်းပြန်လည်ရရှိရန်အတွက် အချိန်ယူသွားရန် လိုအပ်ကြောင်းလည်း ဟိုလ်ဂါရှနီက ပြောကြားခဲ့သည်။

ဟိုလ်ဂါရှနီ အသင်းမှနုတ်ထွက်သွားခဲ့သည့်အတွက် Team Europe ၏ အသင်းခေါင်းဆောင်ဖြစ်သူ ဘွန်ဘော့ဂ်က ဟိုလ်ဂါရှနီ၏ နေရာတွင် စပိန်တင်းနစ်ကစားသမားဖိုကီနာနှင့် အစားထိုးရန် ဆုံးဖြတ်လိုက်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : YB**
**Trs : AZL**

# အသက်အရွယ်အလိုက် လုပ်ရမှာနဲ့မလုပ်ရမှာတွေ

မြင့်ခြံကျော်အောင်

"ငါ့တူ မင်း တက္ကသိုလ်ဝင်တန်းအောင်အောင် ကြိုးစားပါ။ ဒါမှ မင်းရဲ့ဘဝ ကြီးပွားတိုးတက်မှာ"

"ဟုတ်ကဲ့"

ဒီလို ရန်ကုန်ကအဒေါ်ကြီးက နယ်မြို့ရှိ သူ့တူကို ဆုံးမခဲ့တယ်။ အဲဒါ ၂၀၂၀ ခုနှစ် ဇွန်လ ကျောင်းတွေဖွင့်စက။ ဒါပေမဲ့ အခြေအနေမပေးလို့ဆိုပြီး တူကလဲ ကျောင်းမတက်ဖြစ်တော့။ အတူနေ အမေ၊ ဦးလေးနဲ့ ဒေါ်လေးတွေကလဲ ကျောင်းတက်ဖို့ စာမေးပွဲအောင်အောင်ဖြေဖို့ မတိုက်တွန်း၊ ကလေးကလဲ ငါ တက္ကသိုလ်ဝင်တန်းအောင်အောင် ကြိုးစားမယ်ဆိုတဲ့ ဆန္ဒက မပြင်းပြ။ ဒါနဲ့ ၂၀၂၂ ခုနှစ် မတ်လမှာကျင်းပတဲ့ စာမေးပွဲမှာ ဝင်မဖြေဖြစ်တော့။

မိခင်ကလဲ ကလေးက ၁၆ နှစ်သားရှိပြီ။လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်ရောက်ပြီဆိုပြီး အလုပ် လုပ်ခိုင်းတယ်။ တစ်နေ့ ငွေကျပ်ငါးထောင်နဲ့လုပ်တဲ့ အလုပ်သမားဖြစ်သွားပြီ။ ဒီကလေးဘဝ တက္ကသိုလ်ဝင်စာမေးပွဲအောင်သူမဖြစ်တော့။ ခေတ်ပညာနဲ့ကြီးပွားတိုးတက်ဖို့က အလှမ်းဝေးသွားပြီ။

ပထမအရွယ်ဖြစ်တဲ့ မွေးစကနေ အသက် ၂၀ တိုင်အောင်အရွယ်ဟာ မိုက်တဲ့အရွယ်၊ မိဘက ပျိုးထောင်ပေးရမဲ့အရွယ်ဖြစ်ပါတယ်။ ပညာတစ်ခုခု တတ်မြောက်အောင် သင်ယူရမဲ့အရွယ်၊ အဓိက စာပေပညာတတ်မြောက်ရပါမယ်။ နောက် ကိုယ်ဝါသနာပါရာအလုပ်ရဲ့ ပညာတွေရအောင် ယူရပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အနုပညာစတဲ့အလုပ်မျိုးစုံထဲက တစ်ခုခုကို အကုန်အစင်တတ်ကျွမ်းအောင်သင်ယူရမယ်၊ လေ့ကျင့်လေ့လာရပါမယ်။ အဲဒါ မိခင်၊ ဖခင်တွေက ကလေးပညာရသွားအောင် ပြုစုပျိုးထောင်ပေးရပါမယ်။ မိဘက ပညာအမွေ ပေးရပါမယ်။

ကန်တော်မင်းကျောင်းဆရာတော်ကြီးက "ပညာကား ရှေ့၊ ဉစ္စာကား နောက်"လို့ ဆုံးမထားတယ်။ ပညာ ရအောင် ပထမအရွယ်မှာ မိဘက ပြုစုပျိုးထောင်ပေးရပါမယ်။ ဒါမှ နောက်ရှာရမဲ့ဉစ္စာ လွယ်လွယ်နဲ့ရမယ်။

နပိုလီယန်ဧကရာဇ်ကြီးက "The Future of the Child to Always the Work of Mother" ကလေးငယ်တစ်ဦး၏ အနာဂတ်ကံကြမ္မာသည် မိခင်၏အမြဲတစေ ပျိုးထောင်မှုအပေါ် မူတည်သည်" လို့ ဆိုခဲ့ပါတယ်။ အဲဒီတော့ အမေဖြစ်သူတွေ ဘာလုပ်ကြရမှာလဲ။

**ပထမအရွယ်တွင် လုပ်ရမှာတွေ**

မိခင်ဖခင် ဒါမှမဟုတ် ကလေးတွေကို အုပ်ထိန်းသူတွေဟာ ပထမ ကလေးတွေကို စာပေပညာတွေရသွားအောင် လုပ်ပေးရပါမယ်။ အတတ်ပညာ သင်ပေးရမယ်။ အဲဒါအပြင် ကလေးတွေကို ရိုးသားဖြူစင်သူတွေ၊ အကျင့်စာရိတ္တကောင်းသူတွေဖြစ်အောင် ပြုပြင်သွန်သင်ပေးကြရပါမယ်။ စိတ်ကောင်းရှိသူတွေဖြစ်ဖို့ကလဲ အဓိကကျပါတယ်။ လိမ္မာယဉ်ကျေးတဲ့ ကလေးတွေလဲဖြစ်အောင် လုပ်ရမှာပါ။ လူမှုဆက်ဆံရေး ကျွမ်းကျင်အောင်လဲ သင်ပေးရမယ်။ နောက် လုပ်ပေးရမှာက ကျန်းမာကြံ့ခိုင်တဲ့ ကလေးတွေဖြစ်အောင်လဲ ပြုစုပျိုးထောင်ပေးကြရမှာပါ။

ဒီအရည်အချင်းသုံးရပ်နဲ့ပြည့်စုံရင် ပထမအရွယ်အတွက် လုံလောက်သလောက်ရှိသွားပါပြီ။ နောက် ဆက်သွားရမှာက မလုပ်ရမှာတွေဖြစ်ပါတယ်။

**ပထမအရွယ်တွင် မလုပ်ရမှာတွေ**

အသက် ၂၀ အရွယ်ထိ ကလေးတွေဟာ အသိဉာဏ် မကြွယ်ဝသူတွေဖြစ်ပါတယ်။ အမှားအမှန် သိပ်မသိသေးတဲ့ အရွယ်တွေပါ။ အဲဒါကြောင့် မိဘတွေက ကလေးတွေကို ကံငါးပါးမကျူးလွန်အောင် ထိန်းပေးရပါမယ်။

ယနေ့ခေတ်ကာလကြီးမှာ မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်ဆိုတာတွေက နေရာတိုင်းမှာရှိတယ်။ အဲဒါတွေ မသုံးဆောင်အောင် လုပ်ပေးရပါမယ်။ လူပေါင်းမမှားအောင် ပြုပြင်ပေးရမယ်။ ဘယ်လိုလုပ်ရင်အမှန်၊ ဘယ်လိုလုပ်ရင်အမှားဆိုတာ ရှင်းလင်းပြောပြရမယ်။

ကလေးကို မုန့်ဖိုးပေးရာမှာ နေ့စဉ်မဖြစ်မနေ သုံးသင့်သလောက်ပဲ ပေးရပါမယ်။ အများကြီး မပေးရပါ။ ပေးတာ ဘာသုံးသလဲ စစ်မေးရပါမယ်။ အခုခေတ်မှာ ရှစ်တန်းကလေးတချို့တောင် မူးယစ်သားကောင်ဖြစ်နေကြပြီ။ ငွေများများပေးရင် အဲဒါ ဝယ်သုံးဆောင်မယ်။

နောက်တစ်ခုက ကလေးတွေကို လက်ကိုင်ဖုန်း ဝယ်မပေးသင့်ပါဘူး။ ဝယ်ပေးရင် ဂိမ်းကစား၊ ကလေးအရွယ် မကြည့်သင့်တာကြည့်၊ မမြင်သင့်တာတွေ မြင်ပြီး ကလေးပျက်စီးမယ်။ ကလေးရဲ့တန်ဖိုးရှိတဲ့ အချိန်တွေ ကုန်၊ ငွေတွေကုန်၊ နောက် ရောဂါရဖြစ်ကုန်မယ်။ အဲဒါ မိဘတွေ အထူးသတိပြုရမဲ့ အချက်တွေပါ။

ဒုတိယအရွယ်က ၂၀ ကျော်ကနေပြီး အသက် ၆၀ ထိလို့ ပြောရပါမယ်။ အဲဒီအရွယ်မှာက ငွေရှာတဲ့အရွယ်၊ ဉစ္စာစုဆောင်းရမဲ့အရွယ်၊ ငယ်စဉ် ပထမအရွယ်က ပညာပြည့်စုံခဲ့ရင် စားရေး၊ ဝတ်ရေး၊ နေရေး အဆင်ပြေတဲ့အရွယ်၊ ဉစ္စာရတဲ့အရွယ်ဖြစ်တယ်။ အဲဒီအရွယ်မှာလဲ အနေအထိုင်၊ အလုပ်အကိုင်မှားရင်လဲ ဒုက္ခရောက်ရတဲ့အရွယ်ပဲ။ ဘယ်သူက ထိန်းကျောင်းပေးမလဲ။ ဘယ်သူကမှ မထိန်းသိမ်းပေးဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရမဲ့အရွယ်ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ဘဝကို ဘယ်လိုပုံဖော်မလဲ။ ဆက်လက်လေ့လာရအောင်။

**ဒုတိယအရွယ်မှာလုပ်ရမှာတွေ**

ကိုယ့်ဘဝမှာ ကိုယ်သာသခင်၊ ကိုယ်သာဘုရင်ဖြစ်ပါတယ်။ မိဘ ဒါမှမဟုတ် ဆွေမျိုးရင်းချာတွေက လမ်းညွှန်တာ ရှိကောင်းရှိမယ်။ ဒါပေမဲ့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပြီး လုပ်ရမှာပါ။ ကိုယ့်ဘဝမှာ ကိုယ်သာသခင်မဟုတ်ဘူးလား။

မိဘကမခိုင်းလို့၊ ဒါမှမဟုတ် ချမ်းသာလွန်းလို့ ဘာမှမလုပ်ဘဲတော့ မနေသင့်ဘူး။ ပျော်ချင်ရင် အလုပ်လုပ်ရပါမယ်။ အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်။ "Employment Brings Enjoyment အလုပ်ရှိခြင်းသည် ပျော်ရွှင်မှုကိုသယ်ဆောင်လာသည်" တဲ့။

နောက် စပိန်စကားပုံတစ်ခုက ဒီလိုဆိုပြန်တယ်။ "The Busy Man is Trouble With One Devil, The Idle Man by a Thousand အလုပ်များသူတစ်ဦးသည် မကောင်းဆိုးရွားတစ်ကောင်ကြောင့် စိတ်ညစ်ရသည်။ အားလပ်နေသူ(ပျင်းလို့အလုပ်မလုပ်သူ)သည် အကောင်တစ်ထောင်ကြောင့် စိတ်ညစ်ရသည်" အလုပ်မလုပ်ရာက ဂိမ်းစွဲ၊ အရက်စွဲ၊ မူးယစ်ဆေးစွဲ ဖြစ်ရသည်။ ဒါနဲ့ စောစောသေဆုံးရတတ်တယ်မဟုတ်လား။ အဲဒီတော့ အလုပ်တစ်ခုခုကတော့ လုပ်ကိုလုပ်ရမှာပါ။

မြန်မာနိုင်ငံမှာ အလုပ်တွေက အများကြီးရှိပါတယ်။ အထက်မှာလဲပြောပြီးလို့ ထပ်မပြောတော့ပါဘူး။

အဲဒီအလုပ်တွေထဲက တစ်ခုခုရွေးပြီး လုပ်ရပါမယ်။ အဲဒီလိုလုပ်တဲ့အခါ ကိုယ်ဟာ ကိုယ့်အလုပ်မှာ အထူးကျွမ်းကျင်ရပါမယ်။ အလုပ်အပေါ် သစ္စာရှိရပါမယ်။ ကိုယ့်ကိုယ်ကိုယ်လဲ သစ္စာရှိရပါမယ်။ ဒါဆို အလုပ်နဲ့ အကျိုးပေးပါမယ်။ ပစ္စည်းဉစ္စာတွေ ရရှိလာပါမယ်။

နောင်ရေးစိတ်အေးအောင် စီမံရပါမယ်။ ဘယ်လိုအိမ်မျိုးနဲ့နေမှာလဲ။ အိမ်ထောင်ပြုဖို့ စီစဉ်၊ ကိုယ့်ကလေးတွေ ပညာရအောင် ဘယ်လိုပျိုးထောင်ပေးမလဲ စီစဉ်ရမယ်။ ကိုယ့်ကလေးတွေက ကိုယ့်ထက်တော်ရမယ်၊ ကိုယ့်ထက် ချမ်းသာရမယ်။ ကလေးတွေက ကိုယ့်ကိုပြုစုလိမ့်မယ်လို့လဲ မမျှော်လင့်နဲ့။ တတိယအရွယ်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ငွေစုပါ။

> ❖ ကန်တော်မင်းကျောင်းဆရာတော်ကြီးက "ပညာကား ရှေ့၊ ဉစ္စာကား နောက်" လို့ ဆုံးမထားတယ်။ ပညာရအောင် ပထမအရွယ်မှာ မိဘက ပြုစုပျိုးထောင်ပေးရပါမယ်။ ဒါမှ နောက်ရှာရမဲ့ဉစ္စာ လွယ်လွယ်နဲ့ရမယ်။ နပိုလီယန်ဧကရာဇ်ကြီးက "The Future of the Child to Always the Work of Mother" ကလေးငယ်တစ်ဦး၏ အနာဂတ်ကံကြမ္မာသည် မိခင်၏ အမြဲတစေ ပျိုးထောင်မှုအပေါ် မူတည်သည်" လို့ ဆိုခဲ့ပါတယ်။ ❖

ဘာလုပ်လုပ် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနဲ့ လုပ်ရင် ကြီးပွားမှာပါ။ အခု ချမ်းသာကြွယ်ဝသူတွေ၊ ရာထူးရာခံကြီးတွေ ရထားတဲ့လူတွေဟာ မိုးကျရွှေကိုယ်တွေ မဟုတ်ဘူး။ သူတို့လဲ ငယ်စဉ်ကတည်းက ကြိုးစားလာလို့ အခုလိုဖြစ်နေသူတွေပါ။

တောင်ထိပ်ရောက်နေသူတွေဟာ တောင်ခြေက ခြေတစ်လှမ်းနဲ့ စခဲ့တဲ့သူတွေဖြစ်တယ်ဆိုတာ မှတ်သားစရာ၊ အတုယူစရာပါ။ အဲဒီလိုဖြစ်အောင် လူတိုင်းလုပ်လို့ရပါတယ်။ လုပ်ဖို့ပဲလိုပါတယ်။ လုပ်ကြပါလို့ တိုက်တွန်းပါတယ်။

**ဒုတိယအရွယ်မှာ မလုပ်ရမှာတွေ**

အလုပ်လုပ်ကြရာမှာ မလုပ်ရမှာတွေကတော့ အဂတိတရား မလိုက်စားဖို့ပါ။ ကုန်သည်ပဲလုပ်လုပ်၊ အစိုးရ၊ ပုဂ္ဂလိကဝန်ထမ်းပဲလုပ်လုပ် ဒါတွေမလုပ်ရဘူး။ မြီးမြီးမြက်မြက်ရမှာမြင်လို့လုပ်ရင် နာမည်ပျက်၊ အမှုဖြစ်၊ အလုပ်ပြုတ်ပြီး ထောင်တောင်ကျနိုင်တယ်။

နောက် မလုပ်ရမှာက အစားအသောက်ဆင်ခြင်ဖို့ပါ။ သင့်တင့်မျှတစွာ စားရပါမယ်။ အရက်သေစာ၊ မူးယစ်ဆေးလိပ်၊ ကွမ်းယာ ဒါတွေမစားသင့်၊ မသုံးဆောင်သင့်ပါဘူး။ သုံးဆောင်ရင် ရောဂါရပြီး ရာထူးမတိုးနိုင်၊ ငွေကုန် စတာတွေဖြစ်မယ်။

နောက် မလုပ်ရမှာက ရရှိလာတဲ့ငွေ၊ ဉစ္စာပစ္စည်းကို မဖြုန်းတီးရပါဘူး။ အဲဒီမှာ ကလေးတွေကိုလဲ ငွေမဖြုန်းဖို့ ထိန်းကျောင်းရမှာပါပဲ။ အဲဒီ မလုပ်ရမှာတွေ မလုပ်ရင် ကျန်းမာရေးလဲ ကောင်းမယ်၊ အကျင့်စာရိတ္တလဲကောင်းမယ်၊ လုပ်ငန်းတွေလဲအောင်မြင်မယ်။ ဒါဆို ကောင်းခြင်းမင်္ဂလာတွေ ကိုယ့်ဆီရောက်လာမှာပါပဲ။

နောက် ဆက်သွားရမှာက တတိယအရွယ်အတွက်ပါ။ ကဲ ကြည့်ကြရအောင်။

"ခင်မောင် မင်း ဂေါက်မရိုက်ပါနဲ့တော့ကွာ။ ဘုရားနဲ့ တရားနဲ့ နေပါတော့လား"

"ကျန်းမာရေးအတွက်ပါ အစ်ကိုကြီးရ"

ဒီလို ပင်စင်ယူစ ညီဖြစ်သူကို အစ်ကိုကြီးက ဆုံးမခဲ့တယ်။ ဂေါက်ပွဲမှာက အရက်သေစာကပါတော့ သောက်ဖြစ်မယ်။ ရောဂါရမယ်။ ဒါမြင်လို့ အစ်ကိုကြီးက ဆုံးမတာ။ ညီဖြစ်သူက မလိုက်နာ။ ဒါနဲ့ အစ်ကိုကြီးက အသက် ၈၀ ကျော်နေသွားရပြီး ညီက အသက် ၇၀ လောက်ပဲ နေရတယ်။ အရက်နှိပ်စက်တာ အသည်းရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။

"ကျွန်တော် ကိုဗစ်ဖြစ်ချင်သလိုရှိတယ်"

"ခင်ဗျား မပေါ့နဲ့။ အခုဆေးရုံတက် ဆေးကုအုံး"

"အောက်ဆီဂျင်ဘူးတော့ ဝယ်ထားပါတယ်"

အဲဒီလို ပင်စင်စားအဘိုးအိုနှစ်ယောက် ပြောခဲ့တဲ့စကားပြောပြီး လေးရက်၊ ငါးရက်အတွင်း ရောဂါပြင်းထန်လာတယ်။ ဆေးရုံတင်ပေမဲ့ မရတော့ဘူး။ မချိနိုင်၊ မကယ်နိုင်ဖြစ်ပြီး ကွယ်လွန်ရှာတယ်။ အဲဒါ ၂၀၂၀ ခုနှစ်က အဖြစ်။ ကိုဗစ်ရောဂါကူးစက်မှု သိပ်မြင့်တဲ့ကာလက ကိုဗစ်ရောဂါမကူးစက်အောင် အိမ်တွင်းမှာပဲနေဖို့ ညွှန်ကြားနေတုန်းကာလ ကွယ်လွန်သူဟာ ရောဂါမကူးစက်ခင် ရန်ကုန်ကနေ နယ်ထွက်ပြီး ဂေါက်ရိုက်သေးတယ်။ အဲဒီမှာ ကူးစက်ခံရတာ။ သူ ကွယ်လွန်တော့ အသက်က ၈၀၊ ကျန်းကျန်းမာမာနဲ့ ကိုယ့်ကားကိုယ် မောင်းသွားနိုင်သေးတယ်။ ဒါပေမဲ့ အသက်က ကြီးပြီ။ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ရမဲ့အရွယ် မဆင်ခြင်မိရာက မသေဆုံးသင့်ဘဲ သေဆုံးရတယ်။

**တတိယအရွယ်လုပ်ရမှာတွေ**

အခု နိုင်ငံတော်က အသက် ၆၂ နှစ်မှာ သက်ပြည့်ပင်စင် ခံစားခွင့်ပြုပြီ။ ဝန်ထမ်းမလုပ်ဘဲ ကိုယ့်စီးပွားရေးကိုယ်လုပ်ရင်လဲ အသက် ၆၀ ကျော်ပြီဆိုရင် စွမ်းအင်စွမ်းအားတွေက ကျနေပါပြီ။ တတိယအရွယ်ဆိုတာ အဲဒါပဲ။ ဇာတိဖြစ်ခြင်း၊ ဇရာအိုခြင်း၊ ဗျာတိနာခြင်း၊ မရဏ သေခြင်း ဒီလမ်းစဉ်က ဘယ်သူမှ ရှောင်မလွတ်ဘူး။ ဘုရား ရဟန္တာတောင် မရှောင်နိုင်ဘူး။ ဒါပေမဲ့ လုပ်ရမှာလုပ်၊ မလုပ်ရမှာ မလုပ်ရင်တော့ ကံအကျိုးပေးကောင်းပြီး အသက်ရှည်နိုင်ပါတယ်။ အဲဒီတော့ ဘာလုပ်ကြရမလဲ။

ဒုတိယအရွယ်ထက် အစားအသောက်၊ အသားတွေ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်တွေ လျှော့စား၊ လျှော့သောက်ရမယ်။ ရှစ်ပါးသီလခံယူ ဆောက်တည်ရမယ်။ ဘုရားနေ့စဉ်ရှိခိုး၊ မေတ္တာပို့အမျှဝေ၊ ပုတီးစိပ်တာ၊ တရားထိုင်တာ လုပ်ရမယ်။

ပရဟိတအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းတွေမှာပါဝင်ပြီး ကိုယ်ဆောင်ရွက်နိုင်တာ ဆောင်ရွက်ရမယ်။ လှူဒါန်းပေးကမ်းမှု ပြုနိုင်သမျှပြုရမယ်။ သတင်းစာ၊ မဂ္ဂဇင်းနဲ့ ဗဟုသုတ စာပေတွေဖတ်၊ မျှဝေပေးရမယ်။ မိသားစုစီးပွားရေး ဝိုင်းကူနိုင်တာ ဝိုင်းကူရမယ်။ ဘာမှမလုပ်ဘဲ အလကားတော့မနေနဲ့။ အိမ်ဝန်းကျင် မြေပိုရှိရင် စားပင်လေးတွေစိုက်တာ လုပ်ရမယ်။ ကျန်းမာရေးက အဓိကကျတယ်။ ဆရာဝန်နဲ့ စစ်ဆေးကြည့်၊ လိုအပ်တဲ့၊ လမ်းညွှန်တဲ့ဆေး စားရမယ်။ တတိယအရွယ်မှာ အဓိကက ကျန်းမာရေးပဲ။ အထက်ဖြစ်စဉ်တွေလို ပေါ့လျော့လို့ သေရတာမျိုးမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရမယ်။ သေခြင်းတရားကတော့ ပြေးမလွတ်ဘူး။ မသေသင့်ဘဲ မသေအောင် နေကြရမှာ။

**တတိယအရွယ် မလုပ်ရမှာတွေ**

အရက်၊ ဆေးလိပ်၊ ကွမ်းစားတာတွေ ဖြတ်ရမယ်။ ပြင်ပခရီးသွားတာတွေ မလုပ်ရဘူး။ မဖြစ်မနေ သွားရင်တောင် ရပ်ကွက်ထဲနဲ့ ကိုယ့်မြို့ထဲလောက်ပဲ သွားရမယ်။ အပျော်ခရီး လုံးဝမသွားသင့်ပါဘူး။ သွားမယ်ဆိုရင်လဲ ဘုရားဖူး တစ်ခေါက်တလေ သွားတာမျိုးလောက်ပဲ သွားရမှာ။ တတိယအရွယ်ဆိုတော့ ခရီးပန်းတာ မခံနိုင်ဘူးလေ။

ကဲ အဲဒါတွေကတော့ အရွယ်သုံးပါးမှာ လုပ်ရမှာနဲ့ မလုပ်ရမှာတွေဖြစ်ပါတယ်။ လုပ်ရမှာတွေကို တိတိကျကျလုပ်မယ်၊ မလုပ်ရမှာတွေကို မလုပ်ဘဲနေရင် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းဆိုတဲ့ အကျိုးတရားတွေ မုချမသွေ ခံစားစံစားရမှာ အမှန်ပါပဲလို့ ရေးသားလိုက်ရပါတယ်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ Space Art Gallery တွင် ပန်းချီဆရာ၊ ဆရာမငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသ



**ရန်ကုန် ဇော်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ Space Art Gallery တွင် ပန်းချီဆရာ၊ ဆရာမငါးဦး၏ အွန်လိုင်းပန်းချီပြပွဲကို ယနေ့ စတင်ပြသကြောင်း အဆိုပါပြခန်းတာဝန်ခံ ပန်းချီ ဇေယျာအေးက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲကို ယနေ့မှ စက်တင်ဘာ၂၂ ရက်ထိ အွန်လိုင်းမှ ခင်းကျင်းပြသခြင်းဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ပြသထားကြောင်း သိရသည်။

"ပန်းချီဆရာ၊ ဆရာမငါးယောက်ရဲ့ ပန်းချီလက်ရာတွေကို စုစည်းပြသပေးထားတာ ဖြစ်ပါတယ်။ ကားဟောင်းတွေလဲပါသလို ကားသစ်တွေလဲပါပါတယ်။ ပန်းချီကားတွေမှာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ် လက်ရာစုံ မြင်ရမှာဖြစ်သလို အကြောင်းအရာစုံအောင်လဲ စုစည်းထားပါတယ်" ဟု ပန်းချီ ဇေယျာအေးက ပြောပြသည်။

ပန်းချီပြပွဲတွင် ပန်းချီ မြင့်အောင်၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ ထက်နောင်လင်း၊ ပန်းချီဆရာမ ချောစုသွယ်၊ ပန်းချီဆရာမ မိုးစန္ဒီထက်တို့၏ လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၅၀ ကို ပြသထားကြောင်း၊ ပြသထားသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ မှ အများဆုံး ငွေကျပ်သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။

ASH

# A Haunting in Venice ဇာတ်ကား အဖွင့်ဝင်ငွေ ကန်ဒေါ်လာ ၅ ဒသမ ၅ သန်းထိရှိ

**နယူးယောက် ဇော်တင်ဘာ ၁၈**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ A Haunting in Venice ဇာတ်ကားသည် စတင်ရုံတင်သည့် စက်တင်ဘာ ၁၅ ရက် တစ်ရက်တည်းတွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းထိရှိခဲ့ကြောင်း သိရသည်။

A Haunting in Venice ဇာတ်ကားသည် ဒါရိုက်တာ ကင်းနက်ဘရားနက်၏ လျှို့ဝှက်ဆန်းကြယ်မှုခင်းဇာတ်ကားတွဲများအနက် တတိယမြောက်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကင်းနက်ဘရားနက်က အင်္ဂလိပ်စာရေးဆရာမ အက်ဂါသာခရစ္စတီး၏ဝတ္ထုကို အခြေခံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားမတိုင်မီ ဒါရိုက်တာ ကင်းနက်ဘရားနက်ရိုက်ကူးခဲ့သည့် Murder on the Orient Express(2017) နှင့် Death on the Nile (2022) တို့သည်လည်း အက်ဂါသာခရစ္စတီး၏ ဝတ္ထုများကို အခြေခံ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**




# အောင်မြင်ကျော်ကြား စူးရှထက်မြက် ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၂၀ ရက်တွင် Hey Play Application မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇော်တင်ဘာ ၁၈**

အောင်မြင်ကျော်ကြား စူးရှထက်မြက် ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၀ ရက်တွင် Hey Play Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ချမ်းမီမီကိုက ပြောပြ၍ သိရသည်။

အောင်မြင်ကျော်ကြား စူးရှထက်မြက် ရုပ်ရှင်ဇာတ်ကားကို လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားပြီး ဇာတ်လမ်းဇာတ်ညွှန်းကို လွင်မင်းအံ့က ရေးသားထားကာ ဒါရိုက်တာ ညီညီထွန်းလွင်က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"၂၀၁၆ ခုနှစ်က ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ကိုနေတိုးရဲ့ အောင်မြင်ပြီးသား ရုပ်ရှင်ဇာတ်ကားတွေထဲက တစ်ကားဖြစ်ပါတယ်။ အချစ်၊ အလွမ်းနဲ့ ဟာသဇာတ်ကားတစ်ကားပါ။ အခု Hey Play က ကိုနေတိုးပရိသတ်တွေအတွက် ထုတ်လွှင့်ပေးမှာပါ"ဟု သရုပ်ဆောင် ချမ်းမီမီကိုက ပြောပြသည်။

အောင်မြင်ကျော်ကြား စူးရှထက်မြက် ရုပ်ရှင်ဇာတ်ကားတွင် နေတိုး၊ အိချောပို၊ ချမ်းမီမီကို၊ ယုသန္တာတင်၊ ရွှေမှုံရတီ၊ ရဲအောင်၊ မင်းဦးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Nun II ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၈ သန်းရှိလာ

**နယူးယောက် ဇော်တင်ဘာ ၁၈**

ဝါနာဘရားသားကုမ္ပဏီ၏ The Nun II ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၅၈ သန်းထိရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား စတင်ရုံတင်ပြီး ၁၀ ရက်မျှအကြာတွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၂ သန်း ရရှိထားကြောင်း သိရသည်။

အထက်ပါ ဝင်ငွေပမာဏကြောင့် The Nun II ဇာတ်ကားသည် ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်ကာလတွင် အမေရိကန် ပြည်တွင်းရုပ်ရှင်ဈေးကွက်၏ ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။


လက်ရှိအချိန်တွင် ဝါနာဘရားသားကုမ္ပဏီသည် The Nun II ဇာတ်ကားကို အမေရိကန်ရုပ်ရှင်ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက် ၇၂ ခုတွင် ရုံတင်ပြသလျက်ရှိသည်။

The Nun II ဇာတ်ကားသည် ဒါရိုက်တာ ကော်ရင်ဟာဒီ ရိုက်ကူးခဲ့သော The Nun (2018) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Nun II ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချားဗက်ကတာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသမီး တိုင်ဆာဖာမီဂါ၊ ဘွန်နီအေရွန်နှင့် မင်းသား ဂျိုးနက်ဘလိုကတ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**




# လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် Miss World Myanmar 2023 ပြိုင်ပွဲဝင်အလှမယ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇော်တင်ဘာ ၁၈**

လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် Miss World Myanmar 2023 ပြိုင်ပွဲဝင်အလှမယ်များ မိတ်ဆက်ပွဲကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Real Fitness ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း Miss World Myanmar Organization မှ သိရသည်။

Beauty with a Purpose ရည်ရွယ်ချက်ဖြင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် Miss World 2023 ပြိုင်ပွဲဝင်အလှမယ် ၁၅ ဦးကို Miss World Myanmar Organization က မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"Miss World ပြိုင်ပွဲက Swimsuit Round မပါပါဘူး။ Beauty with a Purpose ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအမျိုးသမီးလေးဟာ သူရဲ့လူ့ပတ်ဝန်းကျင်ကို ဘယ်လောက်ထိ ဆွဲခေါ်ပေးနိုင်လဲ။ ဘယ်လောက်ထိ အကျိုးပြုပေးနိုင်လဲဆိုတဲ့ လူတစ်ယောက်ရဲ့တန်ဖိုးကို မြှင့်တင်ပေးနိုင်တဲ့စိတ်ကို ရည်ရွယ်တာပါ။ နိုင်ငံတကာပြိုင်ပွဲမှာလဲ Project ကို အဓိကလုပ်ရတာပါ"လို့ Miss World Myanmar Organization မှ Organizer ဒေါ်အိမွန်ခိုင်က ပြောပြသည်။

Miss World Myanmar 2023 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ်များသည် အသက် ၁၈ နှစ်မှ အသက်၂၇ နှစ်ကြား မြန်မာအမျိုးသမီးငယ်လေးများဖြစ်ပြီး အဆိုပါအလှမယ်များသည် လာမည့် အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့် Miss World Myanmar 2023 Final Coronation တွင် ပြိုင်ပွဲဝင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

Miss World Myanmar 2023 Winner ရရှိသည့် အလှမယ်သည် အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် (၇၁) ကြိမ်မြောက် Miss World 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# Yangon Region hosts Jobnation with participation of more than 30 local companies



The Jobnation fair is in progress.

**Yangon September 18**

JobNet Myanmar stated that a plan is underway to host the Jobnation in which more than 30 local employment companies participate to create more than 500 employments for local people.

JobNet Myanmar will organize the Jobnation at Novotel Hotel in Sangyoung Township of Yangon on 16 September. More than 30 local employment companies opened their booths to create more than 500 jobs for local people.

"Applicants must submit comprehensive CVs to local employment companies at the Jobnation. If they scan QR code, they can see jobs in which they can choose as they like. So, applicants can apply for different positions of jobs they like," said Executive Director Mr Matt De Luca of JobNet Myanmar.

Most of the applicants are young people seeking jobs at the Jobnation in Yangon. JobNet plans to hold the Jobnation in Mandalay in coming November and one more show in Yangon in coming March. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Visa renewal of foreigners from education service companies need to submit recommendations of Education Ministry

**Nay Pyi Taw September 18**

Renewal of Visa for foreigners from education service companies need to be submitted to the Ministry of Education, and only when they can submit recommendations of the ministry will their application process continue, according to the Ministry of Investment and Foreign Economic Relations.

The Directorate of Investment and Company Administration manages renewal of Visa for foreigners and their families of education service companies and gives recommendations for them to have renewal of Visa validity severally.

At present, as the private education law has been enacted, these companies have to follow the provisions of the Chapters 5, 9 and 10 of the law.

Hence, foreigners working at these companies which have taken permit from Myanmar Investment Commission after taking registration at Myanmar Companies Online (MyCO) and other companies without aforesaid process have to follow the provisions of the law.

That is why those foreigners and their families from the education service companies do not need to apply renewal of their visa and working visa on http://movas.dica.gov.mm or https://visaonline.dica.gov.mm and they have to directly apply their applications to the Ministry of Education.


Photo shows the operation of a private education school.

Only when they have submitted recommendations of the Ministry of Education attached to their applications, will the Ministry of Immigration and Population continue necessary process. 336

# 94,000 viss of catfish from Kyaiklet sold to Yangon within a month

**Kyaiklet September 18**

Kyaiklet Township in Pyapon District, Ayeyawady Region sold up to 94,000 viss of catfish in paddy fields to Yangon City in a month, said a local fish wholesaler, Daw Su Su Hlaing.

In July, only 50,000 viss was sold to Yangon, but in July, 94,000 viss was sold. With catfish getting good prices, farmers are earning good income.

"The local farmers are happy because they are earning good income from selling catfish which is in high demand in the domestic market. Within a month a lot were sold. Sales depend on purchases from Yangon," Daw Su Su Hlaing said.

Now is the time in this region when lots of catfish are roaming the rice fields. It is mostly consumed within Myanmar. All marine products from Kyaiklet go to the local markets as well as Yangon. Prices are better in Yangon, she added.

Ten viss of catfish from the rice fields are priced at about K110,000 to K130,000. Those fish are systematically packed and sold to Yangon City. Kyaw Kyaw Lin


Samples of catfish.

# Indonesia expects cooperation with Myanmar in many businesses

**Nay Pyi Taw September 18**

The Ministry of Commerce on 15 September stated that Indonesia expects cooperation with Myanmar in various businesses of the economic sector.

Indonesia is standing the fourth position in trade with Myanmar among other more than 230 trade partner countries.

Outbreak of Covid-19 caused decline of trade value worth US$600 million between Myanmar and India both of which scored more than US$1,200 million worth of trade value before Covid-19. As from 2022-23 financial year, both countries have been facing the increased value of trade.

In 2022-23FY, export value worth US$116.528 million was handled between the two countries with US$1,051.585 million worth of import with total trade value worth US$1,168.112 million.

From April to August this financial year, export value reached US$13.465 million and import, $44.401 million, totalling $457.866 million.

KADIN President M Arsjad Rasjid said that Indonesia wishes to cooperate with Myanmar in economic sector at the Indonesia-Myanmar roundtable discussions in Jakarta of Indonesia on 6 September.

The discussions reached agreements for bilateral cooperation. Moreover, both sides pledged to enhance strong economic relations. They signed some MoU on trade and investment cooperation, garment industries and energy sectors. 336

# Maritime trade value exceeds more than US$5.4 billion than border trade till July 2023


A container moored at Yangon international port.

**Nay Pyi Taw September 18**

The Ministry of Commerce stated that trade value of maritime trade exceeded more than US$5.4 billion rather than border trade up to July of the 2023-24 financial year.

Cost of border trade is higher than the maritime trade with least damage of commodities. Hence, Myanmar operates trade with neighbouring countries through maritime route.

During the period from April to August 2023-24 FY, Myanmar trade sector secured US$6,484.716 million worth of export and US$7,213.249 million worth of import, totalling US$13.697 million.

In this regard, Myanmar traded US$1,349.627 million worth of agricultural produce, $3.563 million worth of animal products, $244.48 million worth of marine products, $133.958 million worth of minerals, $29.905 million worth of forest products, $4,088.712 million worth of finished industrial products, and US$634.462 million worth of other products, totalling $6,484.716 million.

Likewise, Myanmar imported US$1,536.045 million worth of investment materials, US$3,484.229 million worth of industrial materials, $1,152.061 million worth of personal goods, and $1,040.914 million worth of raw materials for CMP products, totalling US$7,213.249 million.

With regard to trading, maritime trade route handled US$9,587.379 million and border trade $4,110.586 million, totalling US$13,697.965 million. During the five-month period from April to August, maritime trade managed US$5,476.793 million rather than the border trade.

336

# Libya floods: The bodies left unrecognisable by disaster

**Dearna September 18**

A masked doctor leans down into a black plastic body bag, and gently manipulates the legs of the man inside. "First we determine age, sex and length," he explains.

"He's in the putrefaction stage now, because of the water."

In a hospital car park in the eastern Libyan city of Derna, the final details of one of its many victims are being carefully checked and logged.

This is now one of the most vital jobs here, and one of the most distressing. The man is unrecognisable after spending a week in the sea. His body washed ashore that morning.

Expert hands gently probe, looking for identifying marks and taking a DNA swab. That's important, in case there's a family still alive to claim him.

More than 10,000 people remain officially missing, according to figures from the UN's Office for the Co-Ordination of Humanitarian Affairs.

The Red Crescent has been issuing its own numbers.

The UN says the death toll so far stands at some 11,300. The final total remains unclear - although the one thing that is certain is the sheer scale of this catastrophe.

Mohammed Miftah knows in his heart his family are among the victims. BBC

# Einme Township finishes cultivation of 1,108 acres of kitchen crops this monsoon

**Einme September 18**

Einme Township of Myaungmya District in Ayeyawady Region has completed cultivation of 1,108 acres of kitchen crops this monsoon, said U Kyaw Moe Win, head of Myaungmya District Agriculture Department.

Such kitchen crops were cultivated in the township from the second week of June this year. The Agriculture Department and the Irrigation and Water Utilization Management Department as well as Agricultural Mechanization Department cooperated with local farmers in cultivation of kitchen crops.

"We grew the crops meeting the target this tear. The Agriculture Department cooperates with relevant departments for providing assistance to local farmers for crops to be free from pests and to grow quality strains with agricultural techniques. We will give help to them till the harvesting period. Local farmers grow the marketable crops," he added.


A kitchen crop plantation.

Staff of Township Agriculture Department make field trips to the crop plantations to thrive the crops through agricultural techniques given to local farmers.

Kyaw Kyaw Lin

# China sends top envoy Wang Yi to Russia for security talks

**Moscow September 18**

China's top diplomat Wang Yi is visiting Russia for security talks, as Moscow seeks continued support for its war on Ukraine.

A close ally of Moscow, Beijing is accused of supporting Russia indirectly during the war, which it denies.

His visit comes after Vladimir Putin's meeting with North Korea's Kim Jong Un that was thought to yield an arms deal.

Russian media said Mr Wang's trip would also lay the ground for Mr Putin to make a landmark visit to Beijing soon.


Earlier this month Mr Putin said he expected to meet Chinese President Xi Jinping, but did not say when.

He has not travelled abroad since the International Criminal Court issued an arrest warrant for him in March over war crimes in Ukraine. Mr Putin last ventured onto foreign soil in December 2022 when he visited Belarus and Kyrgyzstan.

China's foreign ministry said Mr Wang is in Russia for four days for "strategic security consultations".

Russian news agency Tass, citing the Kremlin, said he would meet his Russian counterpart Sergei Lavrov and the Ukraine war would be a key topic of their talks.

They will also discuss "the expansion of Nato forces and infrastructure in the Asia-Pacific region" and strengthening their coordination in international groupings such as the UN, it said. BBC


Russian media says Mr Wang's trip will lay the ground for Vladimir Putin to make a landmark visit to Beijing.

# Lablab bean export earns more than US$3 million till August 2023

**Nay Pyi Taw September 18**

The Ministry of Commerce stated that export of lablab bean could bag more than US$3 million at the end of August 2023 of the 2023-24 financial year.

In 2022-23 FY, lablab bean was shipped to foreign countries through maritime trade for earning US$328 million and the border lands US$5.498 million. During the period from April to August this financial year, export of lablab bean earned more than US$3 million.

In this regard, export of such bean pocketed US$2.143 million in maritime trade and US$0.858 million through land borders, totalling US$3.001 million.

In September, lablab bean export earned US$0.007 million in maritime trade and US$0.008 million through land border, totalling $0.008 million.

Lablab bean is used in production of foodstuffs such as fried bean. Its prices have been rising since the end of Maha Thingyan festival period this year.


Before Thingyin festival, lablab bean was traded at K85,000 per three-basket bag, compared with K95,000 per bag after the festival.

In September, lablab bean fetches K290,000 to K300,000 per bag due to low stock in the market. Lablab bean can be grown in cold season, once a year. It can be cultivated in October and November and harvested in February and March. The plants thrive in Magway, Mandalay and Sagaing regions.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဗြိတိန်စစ်ဘက်က Watchkeeper X ခေတ်မီဒရုန်းစနစ်ကို ထုတ်ဖော်ပြသ



ဗြိတိန်စစ်ဘက်သည် လန်ဒန်တွင် ကျင်းပနေသည့် DSEI 2023အပြည်ပြည်ဆိုင်ရာကာကွယ်ရေးပြပွဲ၌ U-TacS ကုမ္ပဏီထုတ် ခေတ်မီဆန်းသစ်သော Watchkeeper X ဒရုန်းစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက်က www.Army recognition.com သတင်းဌာန၌ ရေးသားဖော်ပြထားသည်။

၂၀၀၅ ခုနှစ်က စတင်တည်ထောင်ခဲ့သော U-TacS ကုမ္ပဏီသည် ဗြိတိန်စစ်ဘက်အတွက် ထူးခြားသောနည်းဗျူဟာမြောက် ဒရုန်းစနစ် စွမ်းဆောင်ရည်ကို ထောက်ပံ့ပေးနိုင်ရန် အဓိကရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Watchkeeper ပရိုဂရမ်သည် ကမ္ဘာတစ်ဝန်းလုံးတွင် ထူးခြားသောစွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုကိုသက်သေပြထားသည့် ထိပ်တန်းအဆင့်အာရုံခံကိရိယာများ တပ်ဆင်ထားသော ဒရုန်းအစင်း ၄၀ ကို အဆင်ပြေချောမွေ့စွာ ပေါင်းစပ်ထုတ်လုပ်ထားသည်။

Thales နှင့် Elbit တို့ ပူးပေါင်းလုပ်ဆောင်နေသည့် Watchkeeper X သည် စွမ်းဆောင်ရည်မြင့်မားပြီး နည်းဗျူဟာမြောက် ဒရုန်းအမျိုးအစားဖြစ်သည်။

Watchkeeper X သည် WK450 နှင့် ဆင်တူယိုးမှားရှိသော်လည်း ပြန်လည်မွမ်းမံထားသော ရေဒါစနစ်အပါအဝင် အဆင့်မြင့်အာရုံခံကိရိယာများ ပါရှိသည်။ ထို့ပြင် Free Fall Light Multirole Missile (FF-LMM) တိကျ-ပဲ့ထိန်း Glide Munition ခဲယမ်းများကဲ့သို့သော အပေါ့စားလက်နက်များ၊ ပြင်ပလောင်စာဆီကန်များ၊ လက်နက်တပ်ဆင်သည့် Pods များထားရှိနိုင်ရန် တောင်ပံအောက်တွင် Hardpoints တပ်ဆင်ထားသည်။

၎င်း၏ ဘက်စုံစွမ်းဆောင်နိုင်မှုသည် အအေးခံနိုင်ခြင်း၊ ကြမ်းတမ်းသော လေယာဉ်ကွင်းတွင် ဆင်းသက်ပျံသန်းနိုင်ခြင်း စွမ်းရည်များဖြင့် ထပ်ဆောင်းအားဖြည့်ထားပြီး လေယာဉ်ကွင်းပြေးလမ်းများမရှိသည့် ဒေသများတွင်လည်း လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။

Watchkeeper X ၏ ထူးခြားသော အင်္ဂါရပ်မှာ ရည်မှန်းချက်တာဝန် လုပ်ဆောင်မှုတွင် အလိုအလျောက်ထိန်းချုပ်မှုစနစ်ဖြင့် အပြည့်အဝလုပ်ဆောင်နိုင်ပြီး လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကဏ္ဍအားလုံးကို သီးခြားလွတ်လပ်စွာ ထိန်းချုပ်လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။

ဒရုန်းစနစ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းသို့ ဒေတာပြန်ပို့ရန်အတွက် အဝေးထိန်းစနစ်ကိုအသုံးပြုထားပြီး လေယာဉ်များစွာကို တစ်ပြိုင်နက်တည်း စီမံခန့်ခွဲနိုင်စွမ်းရှိကာ ၂၄ နာရီ နေ့ညမပြတ် စောင့်ကြည့်ထောက်လှမ်းရေး မစ်ရှင်များကို အနှောင့်အယှက်မရှိ ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

**British army displays Watchkeeper X state-of-the-art unmanned aircraft systemကို ဘာသာပြန်ဆိုထားပါသည်။**

## ဒဏ်ရာရတပ်ဖွဲ့ဝင်များ၏ အရေးပေါ်လက္ခဏာများကို ကောင်းကင်မှအကဲဖြတ်ဆန်းစစ်နိုင်သည့်ဒရုန်းများ အမေရိကန်စစ်ဘက်စမ်းသပ်

အမေရိကန်စစ်ဘက်သည် မကြာသေးမီက မစ်ရှီဂန်တွင် ပြုလုပ်ခဲ့သော Northern Strike 2023 စစ်ရေးလေ့ကျင့်မှုအတွင်း ဒဏ်ရာရတပ်ဖွဲ့ဝင်များ၏ အရေးကြီး၊ အရေးပေါ်လက္ခဏာများ ခံစားနေရမှု ရှိ၊ မရှိ ကောင်းကင်မှ အကဲဖြတ်ဆန်းစစ်နိုင်သည့် ဒရုန်းများကို စမ်းသပ်ခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ပျံသန်းမှုအတွင်း သွေးခုန်နှုန်းနှင့် အသက်ရှူနှုန်းများကို ထိရောက်စွာသိရှိနိုင်စေရန် အဆင့်မြင့်ကင်မရာများနှင့် ကွန်ပျူတာစနစ်များကို ဒရုန်းများတွင်ပေါင်းစပ်အသုံးပြုထားသည်။

အမေရိကန်နိုင်ငံ ကြည်းတပ်ဆေးဘက်သုတေသန တိုးတက်ဖွံ့ဖြိုးရေးဌာနချုပ် (USAMRDC)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အသေအပျောက်၊ ဒဏ်ရာရှိသူတပ်ဖွဲ့ဝင်များအပေါ် အမြင့် ၁၀ မီတာမှ ၅၀ မီတာ (၃၂ မှ ၁၆၄ ပေ) အတွင်း ပြန်လည်ပျံဝဲပြင်ထားသောဒရုန်းများကို စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

ဒရုန်းများသည် ၎င်းတို့စုဆောင်းထားသော အချက်အလက်များကို ဘေးကင်းသော အကွာအဝေးမှ စောင့်ကြည့်နေသည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများထံ ပြန်လည်အစီရင်ခံ တင်ပြခဲ့သည်။

သုတေသနအဖွဲ့သည် သစ်တောထူထပ်သော ချုံပုတ်နေရာများတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသဏ္ဍာန်တူ လေ့ကျင့်မှုများအတွင်း ပိတ်ဆို့ကာဆီးမှုများရှိနေသော်လည်း လေထုထဲမှ အသေအပျောက်များကို ထောက်လှမ်းနိုင်သည့်စနစ်၏ စွမ်းရည်ကိုအောင်မြင်စွာ သရုပ်ပြသနိုင်ခဲ့ကြောင်း (USAMRDC)မှ ပြောရေးဆိုခွင့်ရှိသူက Shepard Media သို့ ပြောကြားခဲ့သည်။

အသေအပျောက်၊ ဒဏ်ရာရှိသူများကို ဖော်ထုတ်ရန်အတွက် ဒရုန်းများအသုံးပြုခြင်းအပေါ် စူးစမ်းလေ့လာခြင်းသည် အမေရိကန်ကြည်းတပ်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရည်ရွယ်ချက်မှာ အထူးသဖြင့်လူတစ်ဦးထံသို့ရောက်ရှိရန် အန္တရာယ်များလွန်းသော သို့မဟုတ် အန္တရာယ်ရှိသောနေရာများတွင် ထိခိုက်ဒဏ်ရာရရှိသူများကို လျင်မြန်စွာ သိရှိနိုင်စေရန် Computer အခြေပြု Software Algorithms များကို တီထွင်နိုင်ရန်ဖြစ်သည်။

USAMRDC သည် စစ်မြေပြင်လက်တွေ့လေ့ကျင့်မှုများတွင် အမျိုးမျိုးသော စမ်းသပ်မှုများပြုလုပ်ခြင်းဖြင့် နည်းပညာကို အသားကျအသုံးပြုလာနိုင်ရန် ကြိုးပမ်းသွားမည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စမ်းသပ်မှုများကို ယခုနှစ် နှောင်းပိုင်းတွင် ပြုလုပ်ရန် မျှော်လင့်ထားသောကြောင့် ဖြေရှင်းချက်နည်းလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အသုံးပြုသူအတွေ့အကြုံ တုံ့ပြန်ချက်အချက်အလက်များ ထပ်မံစုဆောင်းသွားရန် စစ်ဘက်က မျှော်လင့်ထားသည်။



**US Army Tests Drones to Assess Vital Signs of Wounded Troops From Sky ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖင်လန်နိုင်ငံ လေပိုင်နက်တွင် NATO ဒရုန်း ပထမဆုံးအကြိမ်ပျံသန်း

NATO မဟာမိတ်အဖွဲ့မှ ဒရုန်းတစ်စင်းသည် ဖင်လန်နိုင်ငံလေပိုင်နက်တွင် စက်တင်ဘာ ၁၃ ရက်က ပျံသန်းခဲ့ပြီး NATO မဟာမိတ်အဖွဲ့သည် ၎င်း၏ နောက်ဆုံးအဖွဲ့ဝင်သစ်အတွက် ကင်းထောက်စစ်ဆင်ရေးကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



"ယူကရိန်းကို ရုရှားရဲ့ အထူးစစ်ဆင်ရေးစတင်ကတည်းက NATOလေတပ် က မဟာမိတ်အဖွဲ့ရဲ့ အရှေ့ဘက်နယ်စပ်မှာ ကင်းထောက်စစ်ဆင်ရေးတွေကို ဆက်လက် တိုးမြှင့်လုပ်ဆောင်နေပါတယ်။ ဖင်လန်စစ်ဘက်ရဲ့ လုံခြုံရေးအခြေအနေဒါမှမဟုတ် ပတ်ဝန်းကျင်မှာ မကြာခင်ထိဘာမှအပြောင်းအလဲမရှိပါဘူး။ မိတ်ဖက်နိုင်ငံတွေနဲ့ အဲဒီလို ပျံသန်းရေးဆောင်ရွက်မှုတွေဟာ နိုင်ငံနှစ်နိုင်ငံဖြစ်ဖြစ်၊ နိုင်ငံပေါင်းစုံဖြစ်ဖြစ် ပုံမှန်ပြုလုပ်လေ့ရှိတဲ့ဘက်စုံပူးပေါင်းဆောင်ရွက်မှုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်"ဟု NATO မဟာမိတ်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

NATO မဟာမိတ်အဖွဲ့၏ Alliance Ground Surveillance Force အနေဖြင့် ဧပြီလက NATO အဖွဲ့ဝင်ဖြစ်လာသည့် ဖင်လန်နိုင်ငံ လေပိုင်နက်တွင် ဒရုန်း Northrop Grumman RQ-4D ကို စေလွှတ်၍ နိုင်ငံအနှံ့ပျံသန်းမောင်းနှင်ခဲ့ပြီး မြေပြင်အနေအထားအသစ်နှင့် ရင်းနှီးကျွမ်းဝင်စေရန် စမ်းသပ်မောင်းနှင်နိုင်ခဲ့သည်။

ဖင်လန်နိုင်ငံတွင် ဥပဒေနှင့်အညီ လေကြောင်းစစ်ဆင်ရေးကို အမျိုးသားထိန်းချုပ်မှုနှင့် ကြီးကြပ်မှုအောက်တွင် ပိတ်ဆို့အရေးယူထားကြောင်း ဖင်လန်ကာကွယ်ရေးတပ်ဖွဲ့က ရှင်းပြခဲ့သည်။

ယခုကဲ့သို့ NATO ၏ လေကြောင်းခရီးစဉ်သည် ပူးတွဲအခြေအနေဆိုင်ရာ ကြိုတင်သတိပေး အချက်အလက်များ မျှဝေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးခိုင်မာအားကောင်းလာစေရန် သီးခြားမစ်ရှင်တစ်ခုဖြစ်ကြောင်း ဖင်လန်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

သဘောတူညီချက်အရ NATO တွင် အင်အားကြီးမားသော တပ်ဖွဲ့တစ်ခုဖွဲ့စည်းပေးထားပြီး ၎င်း၏ အရှေ့ဘက်နယ်စပ်ရှိ အဖွဲ့ဝင်နိုင်ငံများအပေါ် ရုရှား၏တိုက်ခိုက်လာနိုင်မှုများမှ ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဖင်လန်နိုင်ငံသည် အနာဂတ်တွင် နိုင်ငံလေပိုင်နက်ပေါ်၌ ကင်းထောက်စစ်ဆင်ရေးပျံသန်းမှုများကို တိုက်လေယာဉ်များနှင့် ဒရုန်းများနှစ်မျိုးစလုံးဖြင့် ထပ်မံပြုလုပ်ရန်စီစဉ်ထားကြောင်း ဖင်လန်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

**NATO Flies Drone Over Finland for the First Time ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၉၉၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၂၆၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ ဆီထွက်သီးနှံဧက ၂၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆီထွက်သီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲဧက ၅၇၃၀၊ နှမ်း ၁၆၀၁၇ ဧက၊ အခြားဆီထွက်သီးနှံ ၂၄၄ ဧက စုစုပေါင်း ၂၁၉၉၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲဧက ၄၈၀၊ နှမ်း ၁၈၉၈၂ ဧက၊ အခြားဆီထွက်သီးနှံ ၃၁၈၂ ဧက စုစုပေါင်း ၂၂၆၄၄ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံ ၂၂၆၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြို့သစ် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့် မြို့သစ်မြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ကျေးလက်ကုန်ထုတ်လမ်း အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၃ ဒသမ ၅၆၁ သန်းဖြင့် ရွှေပန္နက်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သန်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ယော်လေး**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတန်ပိသာချိန် ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတန်ပိသာချိန် ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးတန်ပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ တစ်လအတွင်း ပိသာချိန် ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးတန်များသည် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန်အမျိုးအစားများဖြစ်ကြောင်း သိရသည်။

"ဩဂုတ်လအတွင်းက ငါးတန်ပိသာချိန် ၉၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့တစ်လအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# (၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt and Road Initiative-BRI)တွင် ပါဝင်သည့်နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့သို့ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ ပူးပေါင်းကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တရုတ်နိုင်ငံဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် Mr. Qu Sixi တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဖွင့်အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ ဒေသတွင်းစားနပ်ရိက္ခာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ကျင်းပသည့်ဖိုရမ်မှ ဆွေးနွေးချက်များအရ ထွက်ရှိလာမည့်ရလဒ်ကောင်းများအပေါ် မူတည်ပြီး ဒေသတွင်း၌ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် အတူတကွပူးတွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (MARA) ဝန်ကြီး H.E. Mr. Tang Renjian နှင့် နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံလယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မျိုးစေ့နှင့် ဗီဇအရင်းအမြစ်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေးသိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အပူပိုင်းဒေသသီးနှံဆိုင်ရာ စံပြစိုက်ခင်းများ ထူထောင်ရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ဓာတ်ခွဲခန်းဆိုင်ရာ ကျွမ်းကျင်သူများအတွက် မွမ်းမံသင်တန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်တားတာနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းများ၊ ရေငန်နှင့် ရေချိုငါးမျိုးစိတ်များ မျိုးဗီဇမြှင့်မွေးမြူခြင်းဆိုင်ရာ နည်းပညာအထောက်အပံ့များကိုရယူလိုပါကြောင်း၊ ခေတ်သစ်ငါးလုပ်ငန်းစက်မှုဇုန် တည်ဆောက်ရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ထိန်းချုပ်ခြင်းကို South-South Cooperation (SSC) အစီအစဉ်ဖြင့် တိုးမြှင့်ဆောင်ရွက်လိုပါကြောင်းနှင့် မြန်မာနိုင်ငံ၌ ပြောင်းချဉ်ဖတ်ကို အမြောက်အမြား တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တရုတ်ကုမ္ပဏီများက လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံခြင်းအထိမ်းအမှတ် Video Clip ပြသမှုကိုကြည့်ရှု၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြခန်းများနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုများကိုလည်းကောင်း၊ ဆက်လက်၍ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အုန်းမွေးပင်၊ နှစ်ရှည်သီးပင်စားပင်နှင့် အရိပ်ရလေကာပင်စုစုပေါင်း ၆၄၂ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၉-၉-၂၀၂၃ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၁၀း၄၆ | ဖတ်သမျှ မှတ်သမျှ |
| ၂။ | ၁၃း၁၀ | Live For You |
| ၃။ | ၁၅း၃၅ | Opposite Song |
| ၄။ | ၁၈း၂၀ | Online Request Song |





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(၂) ရှေ့ဖုံးမှအဆက်

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၂၁၁ ဦးနှင့် သွားရောဂါ ၃၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ လေးဦးနှင့် မျက်စိခွဲစိတ်လူနာ လေးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၈ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၃ ဦးကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ် ဦးစီးမှူးရုံးမှ Bio-metric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့၌ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက နေ့လယ်စာအတွက် ထမင်းဘူးများနှင့် သောက်ရေသန့်ဘူးများကို ပေးဝေလှူဒါန်းကြသည်။

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ် -

"ကျွန်မက အခုဆေးကုသလာတာကို အထူးဝမ်းသာပါတယ်။ နယ်ကနေပြီး လာတာပါ။ မိုးရွာထဲမှာ လူတွေအများကြီး ကျွန်မတို့လိုကုရတော့မှာဆိုတော့ အထူးဝမ်းသာပါတယ်။ ကျွန်မအခုလာကုတာက ဒုတိယအကြိမ် လာရောက်ကုသခြင်းဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက နှလုံးရောဂါကုသခဲ့တာပါ။ သက်သာပါတယ်။ ခုဒုတိယအကြိမ်က မျက်လုံးကိုလာရောက်ကုသခြင်းဖြစ်ပါတယ်။ မျက်လုံးကခွဲရမယ်လို့ပြောပါတယ်။ အခုလိုလာရောက်ကုသပေးတဲ့အတွက် ဝမ်းလည်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အခုလိုလာရောက်ကုသဖို့အတွက် စီစဉ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ အသက်လည်းရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်မတို့တောရွာတွေက ပိုက်ဆံမတတ်နိုင်တဲ့သူတွေ ဆေးကုသဖို့အတွက် မြို့ကြီးပြကြီးကိုမသွားနိုင်ဘူး။ တတ်နိုင်တဲ့သူတွေကတော့ သွားကြတာပေါ့။ ကျွန်မတို့လို မတတ်နိုင်တဲ့သူတွေကို ကုသပေးဖို့ အခုလိုလာရောက်ပေးတဲ့အတွက် အထူးပင်ဝမ်းသာမိပါတယ်။ နောင်လည်း လာရောက်ကုသပေးပါလို့ ပြောချင်ပါတယ်။ တခြားရွာတွေကိုလည်း သွားရောက်ကုသပေးပါအုံးလို့ပြောချင်ပါတယ်။ ဖြစ်သမျှရောဂါတွေကို တစ်နေရာတည်းမှာ ကုသပေးတဲ့အတွက် အရမ်းအဆင်ပြေပါတယ်။ လာရောက်ကုသတဲ့သူတွေကလည်း ကြိတ်ကြိတ်တိုးနေတာပဲ။ အခုလို လူတွေကိုလာရောက်ကုသပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ပါတယ်။ လာရောက်ကုသပေးကြတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။"



"ကျွန်တော်ကတော့ ရွှေဘိုမြို့ အမှတ် (၁)ရပ်ကွက်ကနေလာရောက်ပြီး ဆေးကုသတာဖြစ်ပါတယ်။ ကျွန်တော်ခံစားနေရတဲ့ရောဂါကတော့ သွေးတိုးရောဂါနဲ့



ကျောက်ကပ်ရောဂါခံစားနေရတာ ငါးနှစ်လောက်ရှိပါပြီ။ အခု နယ်လှည့်ဆေးကုအဖွဲ့ ဒုတိယအကြိမ် လာရောက်ကုသပေးတယ်လို့သိတဲ့အတွက် လာရောက်ပြသတာဖြစ်ပါတယ်။ ဒီလိုလာရောက်ကုသခံဖို့အတွက် ကျွန်တော်တို့ခံစားနေရတဲ့ရောဂါတွေကို တစ်နေရာတည်းမှာပဲ စုံစုံလင်လင်ကုသပေးနိုင်တဲ့အတွက် မျက်စိခွဲစိတ်ခန်းတွေ၊ ECG တွေ၊ ပါရဂူတွေကလည်း စုံစုံလင်လင်နဲ့ လာရောက်ကုသပေးတာဖြစ်တဲ့အတွက် ရောဂါဝေဒနာတွေ တော်တော်လေးသက်သာပါတယ်။ ဒီလိုဆေးကုသမှုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စေလွှတ်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အခုလိုဆေးကုသမှုလာရောက်ပေးတဲ့ ဆေးကုသရေးအဖွဲ့ခေါင်းဆောင်နဲ့အတူ တပ်မတော်အကြီးအကဲအားလုံးကိုလည်း အခုလိုလာရောက်ဆေးကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောင်ကိုကျွန်တော်တို့မြို့နယ်လိုပဲ တခြားမြို့နယ်တွေကိုလာရောက်ကုသပေးနိုင်ပါစေလို့ ကျွန်တော်တို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။"

"ကျွန်တော်တို့ ရွှေဘိုမြို့နယ်မှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေက ကျန်းမာရေးအခက်အခဲကြုံတဲ့အခါ လိုအပ်တဲ့ဆေးဝါးနဲ့ပတ်သက်လို့ ဆေးရုံဆေးခန်းတွေမှာ အပြည့်အစုံမရှိပါဘူး။ ကျန်းမာရေးနဲ့ပတ်သက်လို့ တကယ်ဆိုးဆိုးရွားရွားဖြစ်လာရင် မန္တလေးကိုသွားရောက်ကုသရပါတယ်။ မန္တလေးသွားကုသတဲ့အခါ အခုချိန်မှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်မလို့ ကျွန်တော်တို့ အခက်အခဲတော်တော်လေး ကြုံတွေ့နေရပါတယ်။ ဒုတိယအကြိမ်မြောက် ရွှေဘိုမြို့နယ်မှာလာပြီး တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့နယ်သူ၊ နယ်သားတွေ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ကြီး ၁၀ ရပ်ကွက် အားလုံးအဆင်ပြေကြပါတယ်။ အခုလိုလာရောက်ပြီး ဆေးကုသဖို့ရာအတွက် တပ်မတော်ဆေးကုသရေးအဖွဲ့၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ထမ်းဆောင်နေတဲ့ ဌာနဆိုင်ရာအကြီးအကဲတွေကလည်း ဆေးကုသတဲ့နေရာမှာ လာရောက်ပြီး လိုလေသေးမရှိ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါတယ်။ ဆေးလာရောက်ကုသပေးတဲ့ နယ်လှည့်ဆေးကုသရေး အဖွဲ့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေအားလုံးကိုလည်း အဆင်ပြေအောင်လုပ်ဆောင်ပေးပါတယ်။ ဆေးဝါးတွေလည်းပြည့်စုံပါတယ်။ Ultrasound ရိုက်ပေးတာ၊ သွေးစစ်တာ၊ ဓာတ်မှန်ရိုက်တာတွေကို အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်စီမံ



အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲတွေကိုလည်း နယ်သူ၊ နယ်သားတွေကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။"

ကျွန်မကတော့ နယ်လှည့်ဆေးကုသရေးအဖွဲ့က မျက်စိခွဲစိတ်ခန်းသူနာပြုတာဝန်နဲ့ ပါလာတာပါ။ ရွှေဘိုမြို့နယ်မှာဆိုရင် မျက်စိလူနာတွေက တစ်နေ့တစ်နေ့ကို စစချင်းနေ့ဆိုရင် ၅၀၀ ကျော်ပါတယ်။ အခုနောက်ပိုင်းဆိုလို့ရှိရင် နေ့တိုင်း ၃၀၀ ကျော်လာရောက်ပြကြပါတယ်။ ဒီထဲမှာမှ အတွင်းတိမ်လူနာတွေများပါတယ်။ မျက်သားတက်တဲ့လူနာတွေ အဖြစ်များတယ်။ အတွင်းတိမ်လူနာတွေကတော့



အသက်ကြီးတဲ့သူတွေဖြစ်တာဆိုတော့ သူတို့ခွဲပြီးရင် မျက်ကပ်မှန် မှန်ဘီလူးထည့်လိုက်ရင် သူတို့မြင်ရသွားပါပြီ။ မျက်သားတက်တာက နေပူထဲသွားတဲ့အခါမှာ နေရောင်ခြည်ကြောင့် မျက်သားတက်တာဖြစ်ပါတယ်။ နောင်ဒီလိုမျိုးမဖြစ်အောင်ဆိုရင် နေပူထဲသွားတဲ့အခါ မျက်မှန်တပ်မယ်။ ဦးထုပ်ဆောင်း၊ ထီးဆောင်းမယ်။ ဒီလိုမျိုးတွေကို ဆင်ခြင်လိုက်မယ်ဆိုရင် နည်းနည်းနည်းသွားမှာပါ။ ရွှေဘိုမြို့မှာ လာကုသတဲ့အခါမှာ ဒီလိုလူအုပ်အများကြီးတွေ့ရမယ်လို့လည်း မထင်ထားပါဘူး။ နယ်မြို့လေးဖြစ်တဲ့အခါကြတော့ သွားရေးလာရေး လမ်းပန်းဆက်သွယ်ရေးလည်းခက်ခဲတယ်။ ဒီလိုတွေ့လိုက်ရတော့ ဝမ်းသာမိပါတယ်။ သူတို့သက်သာသွားတယ်။ခွဲလိုက်တဲ့အခါမှာမြင်ရသွားပြီ၊ ကောင်းသွားပြီပြောတော့ အရမ်းကြည်နူးမိပါတယ်။ နောင်လည်းဒီလို ခက်ခဲကြမ်းတမ်းတဲ့နေရာတွေမှာ ဆက်လက်ပြီးတော့ ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။"

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သန့်ရှင်းရေး အကောင်းဆုံးဆု ရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး အနုပညာရှင်များမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် စက်တင်ဘာ ၉ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းနှင့် အင်းတိုင်တပ်နယ်ကိုယ်စားပြုအသင်းတို့၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းတို့ဖြင့် စက်တင်ဘာ ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြိမ်(၄၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၂၃ ခုနှစ် အကြိမ်(၄၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ထို့နောက် ဒုတိယတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ) ကွပ်ကဲမှုအောက်ရှိတိုင်း၊ တပ်မဌာနချုပ်များမှပြိုင်ပွဲဝင်အသင်း ခြောက်သင်းတို့ဖြင့် စက်တင်ဘာ ၂၉ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အကြိမ်(၄၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘတ်စကက်ဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အကြမ်းဖက်အားပေးများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်မှုနှင့် ပတ်သက်၍ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ၂၀-၉-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ဖျက်ဆီး၍ ကုန်ပစ္စည်းဈေးပါးပြတ်လပ်ကာ ပြည်သူတွေ စားဝတ်နေရေး ကျပ်စေအောင် ပြုလုပ်နေတဲ့ NUG နဲ့ PDF အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၈၀ ဆက်လက်ပြသ



**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင်အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ စတင်၍ တရုတ်နှင့်အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများကို ပြသလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့်ဆက်လက်ပါဝင် ပြသလျက်ရှိသည်။

မြန်မာကုန်စည် ပြခန်းများတွင် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ ရေထွက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များ၊ မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများကို စုံလင်စွာ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲ တတိယနေ့တွင် ယခင်နေ့များနည်းတူ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး နှစ်လိုဖွယ်ရာ မြို့ပြခန်းဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက် ကပြလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Honey Kyaw Thet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်နေ မဟန်နီကျော်သက်ကို ညနေ ၄ နာရီ ၅ မိနစ်တွင် သထုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# လွိုင်လင်မြို့ရှိ ဒေသခံပြည်သူများကို စားသုံးဆီများအား ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြို့မဈေးအနီးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စားရေးအထောက်အကူပြုစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ လွိုင်လင်တပ်နယ်မှ တပ်မတော်သားများက စားသုံးဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**လွိုင်လင်မြို့ရှိ ဒေသခံပြည်သူများကို စားသုံးဆီများအား ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။**

## စက်တင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း များကိုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၀၀၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပီချ်လန်းနယ်မြေတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်ခဲ့



**အော့တဝါ အောက်တိုဘာ ၁၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ပီချ်လန်းနယ်မြေတွင် စက်တင်ဘာ ၁၇ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံတွင် ပြီးခဲ့သော မေလမှစတင်၍ တောမီးလောင်ကျွမ်းမှု ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်နှင့် အခြေခံအဆောက်အအုံများပျက်စီးခဲ့သည့်အပြင် သေဆုံးသူနှင့်ထိခိုက်ဒဏ်ရာရရှိသူများလည်း ရှိခဲ့ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့နေရာပေါင်း ၄၀၀ ကျော်ထိ ရှိနေပါတယ်။ တချို့ဧရိယာတွေဟာ လူနေအိမ်ခြေနဲ့အရမ်းနီးကပ်နေတဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့သတိပေးချက်ထုတ်ပြန်ထားပါတယ်။ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီကို ရယူထားပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ကနေဒါနိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသော နေရာပေါင်း ၄၀၀ ကျော်ထိရှိနေပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် တောမီးကိုထိန်းချုပ်နိုင်ရန်ကြိုးပမ်းနေကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Toronto Sun**
**Trs : SaiSat**

# ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူချိန်စံချိန်တင်မြင့်တက်

**ဆစ်ဒနီ အောက်တိုဘာ ၁၈**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နေပြီး အပူချိန်မှာ ဩစတြေးလျနိုင်ငံ သမိုင်းတစ်လျှောက်အပူချိန်စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် စက်တင်ဘာလတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၆ ဒီဂရီစင်တီဂရိတ်ထိ ပိုများခဲ့ပြီး ဒေသခံများက အပူချိန်မြင့်တက်မှုကြောင့် ကမ်းခြေများတွင် သွားရောက် အနားယူနေရသည်။

"အရှေ့တောင်ဘက်ပိုင်းဒေသတွေမှာ ပုံမှန်မဟုတ်တဲ့ ရာသီဥတုနဲ့ ရင်ဆိုင်နေရပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေမြင့်တက်နေပြီးတော့ စက်တင်ဘာလမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့အပူချိန်ထက် ၁၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ အပူချိန်တွေဟာ လာမဲ့ရက်ပိုင်းအတွင်း ပိုမိုမြင့်တက်လာဖွယ်ရှိနေပါတယ်။ စက်တင်ဘာ ၂၀ ရက်မှာ အပူချိန်ဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာနိုင်ပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။



အပူချိန် ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် အရှေ့တောင်ဘက်ပိုင်းဒေသများတွင် နေထိုင်သောဒေသခံများကို အပူအအေးမျှတသည့်နေရာများတွင် အနားယူသွားရန် ဩစတြေးလျကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်နယ်မြေများမှာ နယူးဆောက်ဝေးပြည်နယ်နှင့် ဗစ်တိုးရီးယား ပြည်နယ်တို့ဖြစ်ကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း အပူချိန်ပမာဏဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်းလည်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref : The West**
**Trs : SaiSat**

# ကာလာမာဇူးကောင်တီတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ကာလာမာဇူးကောင်တီတွင် စက်တင်ဘာ ၁၇ ရက်မှစတင်၍ ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဒေသခံများကို ရေဘေးအန္တရာယ် သတိပေးချက် ကာလာမာဇူးကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့တွင် ဖော်ပြသွားခဲ့သည်။

စက်တင်ဘာ ၁၇ ရက် အစောပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုသည် ကွန်စတော့ဧရိယာတွင် အဓိက ဖြစ်ပွားနေခြင်းဖြစ်ပြီး ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်၊ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်ဧရိယာများတွင် မော်တော်ယာဉ် အသုံးပြုမှုကိုလည်း ယာယီရပ်ဆိုင်းထားရန်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာတော်တော်များများမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ကာလာမာဇူးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာလဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ကုန်းနိမ့်ပိုင်းမှာတည်ရှိတဲ့ လမ်းတချို့ကို ယာယီပိတ်ထားပါတယ်။ ဒေသတချို့မှာတော့ ပုံမှန်အတိုင်း မော်တော်ယာဉ်အသုံးပြုခွင့်ပေးထားပါတယ်။ ဒါပေမဲ့ ရေကြီးရေလျှံမှုဖြစ်နေတာကို မြင်တွေ့တာနဲ့ချက်ချင်းပြန်လှည့်ဖို့လဲ သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ ရေကြီးရေလျှံမှုဟာ ဆိုးရွားတဲ့အခြေအနေကို မရောက်သေးပေမဲ့ မိုးရွာသွန်းမှု ဖြစ်ပေါ်နေဆဲဖြစ်တဲ့အတွက် လာမဲ့ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးပေမဲ့ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ဧရိယာတွေကို မော်တော်ယာဉ်နဲ့ ဖြတ်သန်းသွားလာမှုမလုပ်ဖို့ လိုအပ်ပါတယ်"ဟု ကာလာမာဇူးကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အချို့သော ဧရိယာများတွင် ပုံမှန်အတိုင်း မော်တော်ယာဉ်အသုံးပြုခွင့်ပြုထားသော်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာများတွေ့ရှိပါက ဖြတ်သန်းသွားလာခြင်းမပြုရန် ကာလာမာဇူးကောင်တီအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

**Ref : MLive**
**Trs : Sai Sat**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။





၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# နှစ် ၃၀ ပြည့်ရိုးရာခရီး

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**




(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း၌ ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုကာလက တိတိပပဆိုပါလျှင် လွန်ခဲ့သော ၁၉၉၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းမှ သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်ကာလနိုင်ငံတော်အစိုးရသည် ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်ကို ဖွင့်ပေးခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ အနောက်တိုင်းယဉ်ကျေးမှုအငွေ့အသက်တို့ လွန်လွန်ကဲကဲ ဝင်ရောက်လာသောကြောင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းရန်လိုအပ်လာသည်။ ထိုမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် တတ်နိုင်သမျှ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းကြရန် စတင်လိုက်သည်။ ၁၉၉၃ ခုနှစ်မှစတင်ခဲ့သော ရိုးရာကိုထိန်းသိမ်းသည့် ခရီးလမ်းသည် ၂၀၂၃ ခုနှစ်တွင် နှစ် ၃၀ ပြည့် ပုလဲရတုတိုင်ခဲ့ပြီဖြစ်သည်။

ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို-

(က) မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး လူငယ်လူရွယ်များအပါအဝင် မျိုးချစ်စိတ်၊ ဇာတိမာန် ပြန်လည်ထွန်းကားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများ ပြန်လည်ထွန်းကားလာရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ပြန်လည်ဖော်ထုတ်နိုင်ရေး။

(ဃ) မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ပြန်လည်ထွန်းကားလာရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။ ဟူသည့် အချက်များပေါ်တွင် အခြေခံ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

၁၉၉၃ ခုနှစ် စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပရေးနာယကကြီးများနှင့် သမ္မာရင့် ဝါရင့်အနုပညာရှင်ကြီးများသည် ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ ပြိုင်ပွဲ၌ အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်လူကြီးများကို ကြိုဆိုခဲ့ကြသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ပြိုင်ပွဲကိုစတင်ခဲ့ကြသည်။ ပြိုင်ပွဲကျင်းပသည့် နေရာများမှာ-

- ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အကပြိုင်ပွဲ။
- ရန်ကုန်မြို့ ဗားကရာလမ်း (မြေနီကုန်းရှိ) ပဒုမ္မာဇာတ်ရုံ၌ အတီးပြိုင်ပွဲ။
- ရန်ကုန်မြို့ အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း အနုပညာဦးစီးဌာန ဝင်းအတွင်းရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ အဆိုပြိုင်ပွဲ။
- ရန်ကုန်မြို့ အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း အနုပညာဦးစီးဌာန ဝင်းအတွင်းရှိ လေ့ကျင့်ရေးအဆောင်(၃)နှင့် (၄)၌ အရေးပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။

၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဆုပေးပွဲအခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ပြိုင်ပွဲကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အကဲဖြတ်ဒိုင်လူကြီးများ၊ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသည့် သမ္မာရင့် ဝါရင့်ပညာရှင်ကြီးများကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပထမအကြိမ် ပြိုင်ပွဲကြီး၌ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်ဟူ၍ အဆင့်သုံးဆင့်သာ ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။ အတီးပြိုင်ပွဲတူရိယာအနေဖြင့်လည်း စောင်း၊ ပတ္တလား၊ နှဲ၊ ပလွေ၊ ဆိုင်း(တစ်ဦးချင်း)တူရိယာတို့သာ ရှိခဲ့သည်။

အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်လေးခုကိုလည်း ပညာရှင်များက ဦးဆောင်အကဲဖြတ်ပေးခဲ့ကြသည်။ ၎င်းတို့မှာ-

**၁။ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့**

ဥက္ကဋ္ဌ - စစ်ကိုင်းလှရွှေ

အတွင်းရေးမှူး - ဒေါ်တင်တင်မြ

**၂။ အက အကဲဖြတ်လုပ်ငန်းအဖွဲ့**

ဥက္ကဋ္ဌ - ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း

အတွင်းရေးမှူး - ဒေါ်ဝေမာဦး

**၃။ အရေး အကဲဖြတ်လုပ်ငန်းအဖွဲ့**

ဥက္ကဋ္ဌ - ဗိုလ်ကလေးတင့်အောင်

အတွင်းရေးမှူး - ဦးကြည်သွင်

**၄။ အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့**

ဥက္ကဋ္ဌ - စိန်ဗိုလ်တင့်

အတွင်းရေးမှူး - ဦးဇော်ဌေး တို့ဖြစ်သည်။

ရည်ရွယ်ချက်ကောင်းများဖြင့် စတင်ခဲ့သည့် ရိုးရာခရီးသည် ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်မပျက်ကျင်းပနိုင်ခဲ့ကြသည်။ ၁၉၉၄ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲကြီးတွင် ပထမအကြိမ်၏ အားနည်းချက်များကို ပြုပြင်နိုင်ကာ ပြိုင်ပွဲကြီးကို ဘာသာရပ်တိုးချဲ့ခြင်း၊ ပြိုင်ပွဲကာလ ရက်တိုးမြှင့်ကျင်းပခြင်းတို့ဖြင့် ဝေဝေဆာဆာ တင့်တင့်တယ်တယ်ဖြစ်စေခဲ့သည်။ အုပ်ချုပ်မှုအပိုင်းများတွင်လည်း အင်အားဖြည့်တင်းဆောင်ရွက်လာနိုင်မှုကြောင့် ပြည်သူအများက ပိုမိုစိတ်ဝင်စားလာခဲ့ကြသည်။

ဒုတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့သည်။ ကျင်းပသည့်နေရာများမှာ-

- ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ခန်းမ၌ အဆိုပြိုင်ပွဲ။
- ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အကပြိုင်ပွဲ။
- ရန်ကုန်မြို့ ဗားကရာလမ်း (မြေနီကုန်းရှိ) ပဒုမ္မာဇာတ်ရုံ၌ အတီးပြိုင်ပွဲ။
- ရန်ကုန်မြို့ အမှတ်(၁၃၁)ကမ္ဘာအေးစေတီလမ်း အနုပညာဦးစီးဌာန ဝင်းအတွင်းရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ အရေးပြိုင်ပွဲတို့ပင်ဖြစ်သည်။

ပြိုင်ပွဲမတိုင်မီ တစ်ရက်အလို ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)သည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များကို ကြိုဆိုခဲ့သည်။

၁၉၉၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဖွင့်ပွဲအခမ်းအနားကြီးကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်ထိ ကျင်းပခဲ့ကြသည်။ ဆုပေးပွဲအခမ်းအနားကို ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပပြီး အကဲဖြတ်ဒိုင်လူကြီးများ၊ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသည့် သမ္မာရင့် ဝါရင့်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကာ ဂုဏ်ပြုညစာစားပွဲကို ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ပင် ဆက်လက်ပြုလုပ်ခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် (၁၃)ကြိမ်မြောက် ပြိုင်ပွဲထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ် (၁၄) ကြိမ်မြောက်ပြိုင်ပွဲမှစတင်ကာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေသို့ ပြောင်းရွှေ့ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်၌ အထွေထွေရွေးကောက်ပွဲကာလနှင့် ကြုံကြိုက်ခဲ့သောကြောင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မကျင်းပနိုင်ဘဲ ယာယီအားဖြင့် တစ်နှစ်ရပ်ဆိုင်းခဲ့သည်။ ၂၀၁၁ ခုနှစ်၌ (၁၈)ကြိမ်မြောက်ပြိုင်ပွဲ၊ ၂၀၁၂ ခုနှစ်၌ (၁၉)ကြိမ်မြောက်ပြိုင်ပွဲများအဖြစ် ရေဆင်းတက္ကသိုလ်နယ်မြေများတွင် ဆက်လက်ကျင်းပခဲ့သည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးနှင့် တိုက်ဆိုင်နေသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သာ ကျင်းပနိုင်ခဲ့ကြသည်။ ထိုပြိုင်ပွဲကို အကြိမ်(၂၀)မြောက် ပြိုင်ပွဲကြီးအဖြစ် သတ်မှတ်လိုက်ကြသည်ကိုလည်း သတိပြုမိသည်။ အဓိက ဆောင်ရွက်သည့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲပိတ်ပွဲ ဖျော်ဖြေရေးတာဝန်ကို ရယူထမ်းဆောင်နေခြင်းကလည်း အကြောင်းတစ်ရပ်ပင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်လည်း ASEAN SUMMIT အခမ်းအနားနှင့် တိုက်ဆိုင်နေသောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များကို ဦးစွာကျင်းပပြီး ဗဟိုအဆင့်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မေလတွင် (၂၁)ကြိမ်မြောက် ပြိုင်ပွဲအဖြစ် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေတွင် ပြန်လည်ကျင်းပနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပြိုင်ပွဲကြီးကို (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ပြိုင်ပွဲများကို ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ်တွင် ပြိုင်ပွဲကြီးကို (၂၃)ကြိမ်မြောက်အဖြစ် နေပြည်တော်ရုံးစိုက်ရာဒေသများတွင် ပြန်လည်ကျင်းပနိုင်ခဲ့ကြသည်။

အဆို၊ အက၊ အရေး၊ အတီးသည် အနုပညာပုံသဏ္ဌာန်တစ်ခုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အနုပညာယဉ်ကျေးမှုသည် ထိုနိုင်ငံ၏ စွမ်းအားပင်ဖြစ်သည်။ နည်းပညာနှင့် Globalization ဖြစ်စဉ်တွင် မိမိနိုင်ငံက အနုပညာကိုယ်ခံအားမကောင်းပါက တိုင်းတစ်ပါးတို့၏ယဉ်ကျေးမှုက လွှမ်းမိုးသွားလိမ့်မည်။ ထို့ကြောင့် အနုပညာယဉ်ကျေးမှုအားကောင်းရန်သည် အသက်တမျှ အရေးကြီးသည်။ ပြိုင်ပွဲကြီးကြောင့် ယနေ့ လူငယ်လူရွယ်အပါအဝင် နိုင်ငံသားအားလုံး မျိုးချစ်စိတ် ပြန်လည်ထွန်းကားလာရေးကို မျှော်မှန်းကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု တည်တံ့ခိုင်မြဲမှုနှင့်အတူ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမှသည် လူငယ်ထုမျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ထောင်သွားနိုင်မည်ဖြစ်သည်။ အကျိုးရှိ၍ ညောင်ရေလောင်းသည်။ အကြောင်းဖြစ်မည့် ရလဒ်ကောင်းများကို အကျိုးရှိစွာဖြင့် ဆက်လက်ဆောင်ရွက်ကြရန်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

❖ ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ အနောက်တိုင်းယဉ်ကျေးမှုအငွေ့အသက်တို့ လွန်လွန်ကဲကဲ ဝင်ရောက်လာသောကြောင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းရန်လိုအပ်လာသည်။ ထိုမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် တတ်နိုင်သမျှ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများထိန်းသိမ်းကြရန် စတင်လိုက်သည်။ ၁၉၉၃ ခုနှစ်မှစတင်ခဲ့သော ရိုးရာကိုထိန်းသိမ်းသည့် ခရီးလမ်းသည် ၂၀၂၃ ခုနှစ်တွင် နှစ် ၃၀ ပြည့်ပုလဲရတုတိုင်ခဲ့ပြီဖြစ်သည်။ ❖

**ကိုးကား**

– **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃)**

# ဘဝတူအိမ်ဖော်

## ခင်ဇော် (သီတာကုန်းဖြိုင်)



(၁)

"ကဲ. . . ရွှေစင် ပြောစရာရှိတာ တိုတိုနဲ့လိုရင်းပဲ ငါပြောတော့မယ်။ ငါ စင်ကာပူကိုပြန်ရင် နင်လဲ ရွာက နင့်မိဘတွေဆီသာ ပြန်ပေတော့။ ရန်ကုန်ဆိုတဲ့ ဒီမြို့မှာနေရင် နင့်အတွက် ဘာအနာဂတ်မှ မရှိဘူး။ အဲဒီတော့ နင် ကိုယ့်ရွာကိုယ်ပြန်တော့"

ရွှေစင့်ကို ပြောစရာရှိတယ်ဆိုပြီး ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ပြောလိုက်သည့် မမလေးထံမှ မမျှော်လင့်သောစကားကို ကြားရသည့်အတွက် ရုတ်တရက်မို့ လန့်သွားမိသည်။ ပြောပြီးပြီးချင်း ရွှေစင့်ဆီက ပြန်ပြောမည့် အဖြေစကားသံကိုပင် နားမထောင်တော့ဘဲ အမြန်ပြန်ထွက်သွားပြန်သည်။

"ဘာဖြစ်လို့ ငါ့ကို ရွာပြန်လွှတ်တာပါလိမ့်" ဆိုသည့်အတွေးကို တွေးကြည့်သော်လည်း အဖြေက ရွှေစင့်ဆီကို အလွယ်တကူ ရောက်မလာပြန်ပေ။ မမလေး စကားအရဆိုလျှင် ရှေ့တစ်ပတ်ထဲတွင် မမလေး စင်ကာပူကိုပြန်မည်ဖြစ်သည့်အတွက် အနေကြာလာ၍ သံယောဇဉ်တွယ်မိနေသော မမလေးတို့ မိသားစုကိုခွဲကာ ဇာတိရွာကို ပြန်ရတော့မည်။ မမလေး စင်ကာပူကို အလုပ်သွားလုပ်ပြီး နှစ်နှစ်ပြည့်၍ နှစ်ပတ်ခွင့်နှင့် မြန်မာနိုင်ငံကို ပြန်လာခြင်းဖြစ်သည်။ မမလေးတို့ မိသားစုမှာက ဘဘကြီးရယ်၊ ကြီးကြီးရယ်၊ မမလေးရယ်၊ မမလေးအောက်က မမရယ်သာ ရှိကြသည်။ မမလေးက ဘွဲ့ရပြီးသား။ ဘာဘွဲ့ဆိုသည်ကိုတော့ ရွှေစင်မသိ။ မမကတော့ ယခုမှ တက္ကသိုလ်စပြီးတက်ခြင်းဖြစ်သည်။

(၂)

"ဒီမယ် ရွှေစင် ငါတို့အိမ်မှာက မိသားစုအများကြီးမဟုတ်တော့ အိမ်မှုကိစ္စတွေ များများစားစား ရှိတာမဟုတ်သလို ပိုက်ဆံချမ်းသာလို့ နင့်ကိုအိမ်ဖော်ငှားတာလဲ မဟုတ်ဘူး။ ဖေဖေ၊ မေမေတို့က အသက်ကြီးပြီ။ ညီမလေးကလဲ ကျောင်းသူ၊ ငါလဲ အခြားနိုင်ငံကို အလုပ်သွားလုပ်ရမှာမို့ ငါ့ကိုယ်စား နင့်ကို ငှားရတာပဲ။ အိမ်မှုကိစ္စအားလုံး မလစ်လပ်ရအောင် လုပ်ဆောင်ရမှာက နင့်တာဝန်။ အိမ်ပစ္စည်းတွေ အပျက်အစီးမရှိစေနဲ့ ကြားလား။ နင့်ကြောင့် ပျက်စီးသွားတဲ့ပစ္စည်းတွေရှိခဲ့ရင် လစာထဲကဖြတ်မယ်ဆိုတာ မြဲမြဲတွေးထား"

ရွှေစင် သည်အိမ်ကို စရောက်ကတည်းက အမျိုးမျိုးသော စည်းကမ်းများကို ထုတ်သည်လည်း မမလေးပင်။ ဟိုဟာ မကိုင်ရ၊ သည်ဟာ မစားရဟု ပြောဆိုသည်လည်း မမလေးပင်။ ရွှေစင် တစ်ခါတလေ တွေးမိသေးသည်။

"နိုင်ငံခြားသွားမှာမို့ စိတ်ကြီးတွေများ ဝင်နေသလား"

ရွှေစင်၏ အလုပ်လုပ်ပုံ၊ နေထိုင်ပုံကို သဘောမကျလျှင်လည်း အိမ်ပြောင်းတော့ဟု ပြောမည်မှာ အသေအချာပင်။ ယခုတော့-

"ကိုယ့်ရွာ ကိုယ်ပြန်"တဲ့။

မမလေး၏ ပြောစကားနှင့်ပတ်သက်ပြီး ရွှေစင် ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ထူးခြားချက်ကို ဆန်းစစ်ကြည့်မိသည်။ သို့သော် မတွေ့ရ။ ထူးခြားသည်က မမလေးရယ်သာ။ စင်ကာပူကိုမသွားမီ မမလေး၏ သဘောထားက ရွှေစင်ဘာလုပ်လုပ် အကောင်းမမြင်၊ အမြဲ အပြစ်ပြောသည်။

"မသွားခင်တောင် ဒီလောက် ရွှေစင့်အပေါ် အကောင်းမမြင်နိုင်တာ စင်ကာပူကသာ ပြန်လာရင် ဘယ်လောက်တောင် ဆိုးလိုက်မလဲ" ဟု မမလေး ပြန်မလာမီတစ်ရက်အလိုက ရွှေစင် တွေးလိုက်မိသေးသည်။ ယခုတော့ မမလေးပုံစံက ပြောင်းပြန်။ ဟိုတစ်နေ့ညက မမလေးအတွက် သံပရာရည်ဖျော်ပြီး သွားအပို့ အိပ်ရာထဲလှဲနေသည့် မမလေးလက်က ခွက်ကိုမယူမီ ရွှေစင့်လက်ကခွက်ကို လွှတ်လိုက်မိ၍ မမလေးအိပ်ရာထဲ သံပရာရည်များ ဖိတ်စဉ်သွားတုန်းက ရွှေစင်တော့ အကြီးအကျယ်အဆူခံရပြီဟု ထင်ခဲ့သော်လည်း မမလေးက စိတ်မဆိုးသည့်အပြင် အဝတ်တစ်ခုနှင့် ကူ၍သုတ်ပေးသေးသည်။ စိတ်ရှည်လက်ရှည်ဖြင့် သန့်ရှင်းရေး ကူလုပ်ပေးနေသည့် မမလေးကိုကြည့်ပြီး-

"မမလေး စင်ကာပူကပြန်လာပြီးခါမှ တအား ပြောင်းလဲသွားတာပဲ"ဟု ရွှေစင့်စိတ်ထဲက တွေးလိုက်မိသေးသည်။ ပြီးတော့ ရွှေစင့်ကို ဆက်ဆံသည့်နေရာမှာ ဟိုအရင်ကလို အခိုင်းအစေတစ်ဦးလို ဆက်ဆံသည့်ပုံမျိုးမဟုတ်ပေ။ သနားကြင်နာမှုအပြည့်နှင့်ပင်။ ယခုတော့ မိသားစုဝမ်းရေးနှင့် ရွှေစင့်ဘဝတိုးတက်ရန်အတွက် မြို့ပေါ်တက်ကာ ငွေလာပြီး ရှာဖွေနေရသည့် ရွှေစင့်ကို သနားငဲ့ညာစိတ်တောင်မတွေးဘဲ-

"ကိုယ့်ရွာ ကိုယ်ပြန်တော့"တဲ့။

မမလေးသည် ရွှေစင့်အပေါ်ကို မည်သည့်သဘောထားမျိုးထားသောကြောင့် ရွာကိုပြန်လွှတ်နေသနည်း။ ရွှေစင်နားမလည်နိုင်အောင် ဖြစ်နေသည်။

(၃)

ဟိုတစ်နေ့က ရွှေစင်မယူပါဘူးငြင်းလျက်သားနှင့် ဘဘကြီးက အတင်းလက်ထဲကိုထိုးပေးသည့် မုန့်ဖိုးငွေကို မမလေးမြင်သွားပြီး သူ့အဖေနှင့်ရွှေစင့်ကို စိတ်မချ၍ ရွာပြန်ခိုင်းသည်လား တွေးမိပြန်သည်။ အိမ်ဖော်နှင့်အလုပ်ရှင်တို့၏ ဖြစ်တတ်သည့်သဘောသဘာဝဖြစ်ကြောင်း ရွာကနေ ရန်ကုန်ကိုမလာမီ အမေ ပြောပြဆုံးမထား၍ ရွှေစင်သိထားသည်။ သည်နှစ်ဆိုလျှင် ရွှေစင့်အသက်က ၁၆ နှစ် အပျိုအရွယ်လေ။ အပျိုအရွယ် ရွှေစင်နှင့်သူ့အဖေကို နီးနီးစပ်စပ် မရှိစေချင်၍ ကြိုတင်ပြီး ပထုတ်သည့်သဘောလား။

ရွာက ရွှေစင့်အမေက ဖုန်းနှင့်လှမ်းပြီး အမြဲဆုံးမသည်။ "သူများအိမ်မှာနေရတဲ့ အပျိုအရွယ် မိန်းကလေးဆိုတာ ဘယ်လိုနေ ဘယ်လိုထိုင်ရမယ်"။ ရွှေစင် ဘဘကြီးအပေါ်မှာ အမေပြောဆိုဆုံးမခဲ့သလို နေခဲ့ထိုင်ခဲ့သည်။ ပြီးတော့ ဘဘကြီးကလည်း ယနေ့ထိ ရွှေစင့်အပေါ်တွင် ဆန်းဆန်းပြားပြားစကားများ၊ အပြုအမူများ မရှိခဲ့ဖူးပါပေ။ ဘဘကြီးက အသက် ၇၀ ကျော် ဘာသာရေးသမားကြီး။ မမလေး စင်ကာပူကို မသွားခင်ကတည်းက ဘဘကြီးနှင့်ကြီးကြီးက ရွှေစင့်ကို အမြဲမုန့်ဖိုးပေးနေကျဖြစ်မှန်း မမလေးလည်း သိသည်။ တစ်ခါတလေ ရွှေစင်က-

"အရင်ပေးထားတဲ့ မုန့်ဖိုးတွေရှိသေးလို့ မယူတော့ပါဘူး"ဟု ငြင်းသည့်အခါ-

"ဟိတ် ရွှေစင်သွားယူ။ လူကြီးက ကြည်ဖြူလို့ပေးရင် ယူရတယ်မှတ်ထား တောသူမရဲ့"ဟုဆိုပြီး အော်ဟစ်ဆုံးမကာ မုန့်ဖိုးယူရန် မမလေးကိုယ်တိုင် ပြောဆိုခဲ့သည်ပင် မဟုတ်လား။ ထို့အတွက်ကြောင့် ဘဘကြီးနှင့်ကိစ္စလည်း မဖြစ်နိုင်ပြန်။ ရွှေစင် စဉ်းစားရခက်နေ၏။ ဘာလိုလိုနှင့် မမလေး စင်ကာပူကိုပြန်ရန် ရက်နီးလာသလို ရွှေစင်လည်း ရွာကိုပြန်ရန် ရက်နီးလာခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ရွှေစင့်ကို ရွာသို့ပြန်ခိုင်းရသည့်အကြောင်း ပြဿနာကို သိချင်နေမိသည်။ ပြဿနာ၏ ဇာစ်မြစ်ကို မသိရဘဲ ရွှေစင် ရွာကိုမပြန်ချင်ပေ။ သူ့ကို ဘာကြောင့် ရွာကိုပြန်လွှတ်ရသလဲဆိုသည့် အကြောင်းကိုလည်း မမလေးကို မမေးရဲပေ။

မနက်ဖြန်မနက်ဆိုလျှင် မမလေး လေဆိပ်ကိုဆင်းပြီး စင်ကာပူကိုပြန်တော့မည်ဖြစ်၏။ ရွှေစင်လည်း ရွာပြန်ရန်အတွက် ရွာကို မမလေးက ဖုန်းဆက်ပြီး အသိပေးထားသဖြင့် ရွာက ရွှေစင့်ဦးလေး ရန်ကုန်ကို မနက်ဖြန်ရောက်လာတော့မည်။

(၄)

မမလေးတစ်ယောက် ညနေကတည်းက အိမ်ခြံဝင်းထဲက ထိုင်ခုံလေးပေါ်တွင်ထိုင်ရင်း တစ်ခုခုကို စဉ်းစားနေသည့်အမူအရာဖြင့် ထိုင်နေသည်မှာ ညမိုးချုပ်သည်ထိ အိမ်ပေါ်သို့ တက်မလာသေးပေ။ မမလေးပြန်တော့မည့်ညမို့ ရွှေစင်လည်းအိပ်၍မပျော်ပေ။ မမလေးလည်း-

"သူချစ်တဲ့မိသားစုကိုခွဲပြီး နိုင်ငံရပ်ခြားကို ဘယ်ပြန်ချင်ရှာမလဲ"ဟု မမလေးနေရာကတွေးရင်း ရွှေစင် ဝမ်းနည်းလာသလို ခံစားရသည်။ ရွှေစင့်ရင်ထဲက မတင်မကျဖြစ်နေသည့်မေးခွန်းကို မမလေး မပြန်ခင် သိချင်မိသည်။ မေးလိုက်ရင်လည်း ဟိုအရင်ကလို-

"နင်က ဘာစပ်စုချင်တာလဲ"ဆိုပြီး ရွှေစင့်ထိပ်ကို ခွပ်ခနဲ ခေါက်လိုက်မလား စိုးရိမ်ရသေးသည်။ ဘာပဲဖြစ်ဖြစ် ရွှေစင်မေးရမည်။ ရွှေစင့်ကို ဘာကြောင့်ရွာကို ပြန်ခိုင်းရသလဲဆိုသည့်အကြောင်းကို သိမှဖြစ်မည်။ ရွာကိုပြန်ရောက်သည့်အခါ ရွှေစင့်အမေနှင့် ရွာသားများက-

"ဘာကြောင့် ရွာကိုပြန်လာတာလဲ"ဟု မေးသည့်အခါ ဘယ်လိုအကြောင်းကြောင့် ပြန်လာတာပါဟု ရွှေစင် တိတိကျကျ ဖြေချင်သည်။ ထိုအဖြေမသိရဘဲ ရွာကိုမပြန်ချင်ပေ။ ထို့ကြောင့် မမလေးအပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့် ရွှေစင်၏ သိမ်ငယ်နေသောစိတ်ကို အားတင်းပြီး မမလေးရှိရာ အိမ်ခြံဝင်းထဲသို့ တစ်လှမ်းချင်း ဆင်းလာခဲ့မိသည်။ မမလေးအနားသို့ ရောက်လာလေလေ ရွှေစင့်နဖူးတွင် ချွေးစို့လေလေ ဖြစ်မိ၏။

"ဟြော်. . . ရွှေစင်ပါလား၊ မအိပ်သေးဘူးလား ညီမလေး။ လာ. . . ဒီခုံမှာထိုင်"

သူ့အနားသို့ မရဲတရဲရောက်ရှိလာသည့် ရွှေစင့်ကို မမလေးက ဆီးကြိုနှုတ်ဆက်လိုက်သည့် စကားကြောင့် ရွှေစင် တအံ့တသြဖြစ်သွားမိပြီး မမလေးဘေးက ထိုင်ခုံလေးတွင် ရိုကျိုးစွာဝင်ထိုင်လိုက်သည်။

"ရွှေစင့်ကို မမလေးက ရွာကိုဘာဖြစ်လို့ပြန်ပို့ရတာလဲဆိုတာ သိချင်နေတာမဟုတ်လား။ ဒီအကြောင်းသိချင်လို့ ဂနာမငြိမ်ဖြစ်နေတဲ့ ငါ့ညီမကို မမလေး အကဲခတ်မိတာပေါ့။ မမလေး ပြောပြပါ့မယ်ကွယ်"

ညက လမိုက်ညမို့ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မည်းလျက်ရှိနေ၏။ အိမ်ထဲဘက်က ဖြာထွက်လာသော လျှပ်စစ်မီးရောင် တချို့တစ်ဝက်က မမလေး၏မျက်နှာပေါ်တွင် ကွက်တိကွက်ကျား ကျနေသည့်အတွက် မမလေး၏မျက်နှာပြင်တစ်ခုလုံးကို ရွှေစင်မမြင်ရပေ။

"ရွှေစင့်ကို မမလေးက ရွာကိုပြန်လွှတ်ရတာဟာ ရွှေစင့်ဘဝ ကောင်းစားဖို့အတွက်ပါကွယ်။ ရွှေစင့်မှာ တောကဆိုပေမဲ့ မိမဲ့ဖမဲ့အခြေအနေမဲ့မှ မဟုတ်တာကွယ်။ အမိအဖတွေဆိုရင်လဲ လယ်ယာကိုင်းကျွန်းတွေနဲ့။ ပြီးတော့ ငါ့ညီမမှာ ပညာရေးဆိုလဲ ကိုးတန်းအောင်ပြီးသား။ လည်လည်ဝယ်ဝယ် လူအောက်မကျပါဘူး။ တောမှာနေပြီး အလုပ်တစ်ခုကိုဇောက်ချကြိုးစားရင်လဲ အောင်မြင်ပါတယ်။ အိမ်ဖော်ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ ရန်ကုန်လာပြီး ဘာလို့ အလုပ်လုပ်နေမှာလဲ။ ဒီမှာနေလို့ကတော့ ငါ့ညီမဘဝက အိမ်ဖော်ကလေးကနေ အိမ်ဖော်ကြီးဘဝပဲ ဖြစ်မှာလေ"

တစ်လုံးချင်းပြောပြနေသော မမလေး၏စကားများကို ရွှေစင်စိတ်ဝင်တစား နားထောင်နေမိသည်။ လူသံ၊ ကားသံ တိတ်ဆိတ်လှသော ညအခါတွင် မမလေး၏ စကားသံများ ထပ်မံ၍ထွက်ပေါ်လာပြန်သည်။

"ရွှေစင်က ကိုယ့်ရပ်ကိုယ့်ရွာမှာ ဘဝတိုးတက်ဖို့ အလုပ်တွေရှိသားနဲ့ ရွာကိုအထင်သေးပြီး မြို့မှာ အလုပ်လုပ်မှ ဘဝတိုးတက်မယ်ဆိုတဲ့ အမေကျော်ထွေးတော်လွှမ်းတဲ့စိတ်နဲ့ မြို့မှာလာအလုပ်လုပ်တော့ အလွယ်တကူရတဲ့အလုပ်က အိမ်ဖော်ပဲလေ။

စာမျက်နှာ ၂၅ သို့➤

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၆၁၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၆၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံ ဧက ၂၅၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၂၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဧက ၂၆၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေး ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ်တိုးချဲ့ စိုက်ပျိုးလာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီး တွက်ခြေကိုက်တော့ တိုးစိုက်လာတဲ့သဘောပါ"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ဧက ၂၂၀၊ ဖူးစားပြောင်း ၂၃၉၅ ဧက စုစုပေါင်း ၂၆၁၅ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၅ ဧက၊ ဖူးစားပြောင်း ၂၃၆၅ ဧက စုစုပေါင်း ဧက ၂၅၈၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ကျွန်းကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်းကြီးမြောက်ကျေးရွာအုပ်စု ကျွန်းကြီးမြောက်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ စီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကော်မတီဝင် ရွေးချယ်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းကြီးမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုင်(မလှိုင်)**

➤စာမျက်နှာ ၂၄ မှအဆက်

ဒီလိုပါပဲ မမလေးလဲ ဘွဲ့တစ်ခုရပြီးခါမှ ကိုယ့်နိုင်ငံမှာ လုပ်စရာ အလုပ်တွေ အများကြီးရှိလျက်သားနဲ့ ရွှေစင့်လို ထွေးတော်လွမ်းပြီး နိုင်ငံခြားကိုအထင်ကြီးအားကျစိတ်နဲ့ သူများနိုင်ငံကို အလုပ်သွားလုပ်မိတော့ သူများအိမ်မှာ သူများမလုပ်ချင်တဲ့အိမ်ဖော်အလုပ်ပဲ လုပ်ခဲ့ရတယ်။ တကယ်တော့ ရွှေစင့်ဘဝနဲ့ မမလေးဘဝက အတူတူပါပဲကွယ်။ ဒီ တစ်ခေါက် မမလေး စင်ကာပူမှာ တစ်နှစ်လောက်နေပြီးရင် မြန်မာနိုင်ငံမှာပဲ အထိုင်ကျတဲ့ စီးပွားရေးအလုပ်တစ်ခုမှာ အခြေချပြီး အဖေ၊ အမေ တို့နဲ့အတူ အေးအေးချမ်းချမ်းနေတော့မယ်"

ရွှေစင့်ကိုပြောနေရင်း မမလေး၏စကားသံများက တုန်ယင်၍လာသည်။ မမလေးတစ်ခုခုကို ခံစားနေရမှန်း ရွှေစင် သိသည်။ သို့သော် မည်သည့်အကြောင်းအရာဖြစ်မှန်း ရွှေစင် ပြောမပြတတ်ပေ။ မမလေး၏ စကားသံများက ဆက်လက်၍ထွက်ပေါ်နေဆဲ-

"ဒီမယ် ရွှေစင် ငါ့ညီမတို့ရွာက မိန်းကလေးတွေ အရွယ်ရောက်ရင် ရန်ကုန်တက်၊ အိမ်ဖော်လုပ်၊ ပြီးရင် ဟိုအိမ်ပြောင်း၊ ဒီအိမ်ပြောင်းနဲ့ နှစ်တွေသာကြာလာတာ ဘာတွေစုဆောင်းမိပြီး သူတို့ဘဝ ဘာတွေ တိုးတက်ခဲ့ရလို့လဲ။ ကိုယ့်ရွာမှာကိုယ်နေပြီး မိန်းကလေးတွေနဲ့သင့်တော်တဲ့အလုပ်တွေကို လုပ်နေတာမှ ဘဝတိုးတက်အုံးမယ်။ မပင်မပန်းခေတ်မီစွာ နေရတယ်ဆိုပြီး မြို့ပေါ်တက်ပြီး ငါ့ညီမတို့ရဲ့ဘဝတွေကို မစွန့်စားကြပါနဲ့။ မြို့ပေါ်မှာ ညီမတို့မမြင်နိုင်တဲ့ အန္တရာယ်တွေ နေရာတကာမှာ ရှိနေတယ်။ အခန့်မသင့်ရင် ဘဝပါပျက်လိမ့်မယ်ဆိုတာ သိစေချင်တယ်။ အခု ရွှေစင့်ကို လစာငါးလစာပိုပေးပြီး မမလေးက ရွာကိုပြန်လွှတ်တာပါ။ ရွှေစင်က တတ်သိနားလည်လွယ်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ မမလေး အကဲခတ်မိပါတယ်။ မိန်းကလေးတွေနဲ့ သင့်တော်တဲ့ စက်ချုပ်၊ ကုန်စုံရောင်း၊ အလှပြင်ဆိုင်ဖွင့်ရင်း ဘဝတိုးတက်ခဲ့ရတဲ့ မိန်းကလေးတွေ မြန်မာနိုင်ငံမှာ အများကြီးရှိပါတယ်။ ရွာပြန်ရောက်ရင် ကိုယ့်မိဘတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေပြီး ရွှေစင်နဲ့သင့်တော်မဲ့အလုပ်ရှာပြီး ကြိုးစားလုပ်ပါ။ ငါ့ညီမဘဝ တိုးတက်မယ်ဆိုတာ မမလေး ယုံကြည်တယ်။ အရင်းအနှီး လိုရင်လဲ မမလေးတို့ဆီ ဆက်သွယ်အကြောင်းကြားပေါ့။ လာ ညီမလေး ညဥ့်နက်ပြီ သွားအိပ်ကြစို့"

မမလေးက သူ့ဘဝနှင့်ရင်းပြီး ရခဲ့သည့်ဘဝသင်ခန်းစာများကို ရွှေစင့်ကို တစ်ဖန်ပြန်ပြီး ပြောဆိုဆုံးမကာ အိမ်ထဲကိုဝင်သွားလေပြီ။ ရွှေစင့်ကို တစ်လုံးချင်း ပြောပြသွားသည့် မမလေး၏ စကားလုံးတိုင်းတွင် စစ်မှန်သော မေတ္တာစေတနာများ အပြည့်ပါကြောင်း ရွှေစင်နားလည်မိသည်။ မမလေးပြောခဲ့သလို ရွှေစင့်ရင်ထဲတွင်ရှိနေသည့် မြို့ကြီးပြကြီးနှင့် တိုင်းတစ်ပါးကို အထင်ကြီးအားကျသော-

အမေကျော် ထွေးတော်လွမ်းချင်သည့်စိတ်ကို အပြီးတိုင်မောင်းထုတ်ပြီး ကိုယ့်မြေကိုယ့်ရွာတွင်ပင် ကိုယ့်ဘဝတိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်တော့မည်ဟူ၍ ခိုင်မာသည့်ဆုံးဖြတ်ချက်ကို ချလိုက်ပါတော့သည်။

## ယဉ်ကျေးမှု

\- စကားအရာမှာ
ပျားသကာလို ချိုမြစေ၊
စကားကြမ်းတွေ ကင်းစင်ဝေး
ယဉ်ကျေးကာလေ၊
ရွယ်တူကြီးငယ် မရွေးပေ
နှုတ်ခွန်းခြွေ သိမ်မွေ့လှ၊
မုသားမပါ လင်္ကာချောအောင်
မှန်တာပြောကြ။

\- အမူအရာ မရိုင်းပျ
လူတိုင်းက ချစ်ခင်လို၊
မိဘ ဆရာကို ဂါရဝထား
ဘုရားကြည်ညို၊
ကိုယ့်ထက်တစ်ရက် ကြီးသူကို
ရိုသေလေ အစဉ်မြဲ၊
ကြမ်းတမ်းတဲ့ အပြုအမူ
တုမယူဘဲ။

\- ဖြူစင်တဲ့ နှလုံးသားထဲ
အမုန်းများလည်း မရှိစေရာ၊
မွန်မြတ်စိတ် ပရဟိတ
ရှိကြရင်မှာ၊
ကိုယ် နှုတ် နှလုံး သိမ်မွေ့ကာ
လူလိမ္မာ ဖြစ်စေရေး၊
ယဉ်ကျေးဖို့ တို့လူငယ်များ
ကြိုးစားစို့လေး။ ။

**ထက်သခင်(သုံးဆယ်)**

# စလင်းမြို့နယ်၌ VRFP စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရွှေဝံသီးကျေးရွာအုပ်စု တောင်ဇီလာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက တောင်ဇီလာကျေးရွာမှ စီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှု၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်ဇီလာကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ရန်ပုံငွေကျပ် ၂၃ ဒသမ ၈၅ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းခိုင်**

# လူပဲဖြစ်ပါစေ

## ဇော်လေး

**နိဒါန်း**

သိခြင်းသဘောဟာ ထင်မှတ်ခြင်းမျှသာလည်း ဖြစ်ချင်ဖြစ်တတ်ပါတယ်။ သိခြင်းဟာ တစ်စွန်းတစ်စသာ သိတာလေးပဲဖြစ်ချင်လည်း ဖြစ်တတ်ပါတယ်။

သိတော့သိတယ်၊ ဝေဝေဝါးဝါး ပုံရိပ်မထင်ရှားလှဘူး။ ဆက်စပ်ပြီး ပုံရိပ်ရဲ့ နောက်ခံကားက ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မပေါ်လွင်လို့ ဘာမှန်းမသဲကွဲဘူးဆိုတာလည်း ရှိတတ်ပါသေး။ မြင်တော့ မြင်ပါရဲ့ ဘယ်အရာမှန်းလည်း မသိပါ။ ဘာရည်ရွယ်ချက်သဘောလဲ မမှန်းတတ်ပါ။ ဘာဖြစ်နေတာလဲ မတွက်ဆတတ်ပါ။ ရေရေရာရာ ဘာမှမသိလှပါဆိုတဲ့ အခြေအနေမျိုးလည်း ရှိနိုင်တာပါပဲ။

မြင်တော့ မြင်တယ်ထား၊ သိတယ်လို့ မှတ်တာပဲ။

တကယ်တော့ အဲဒါက အမှား။

မိမိသိနေတာ မြင်တယ်လို့ အာရုံခံအင်္ဂါက အမြင်အာရုံဆိုင်ရာ ဦးနှောက်အစိတ်အပိုင်းကို ဆက်သွယ်သတင်းပို့တော့ အရင်သိဖူး၊ မှတ်ဖူးတာနဲ့ ဆက်စပ်စဉ်းစားပြီးတော့ "ဪ. . . ဒါလား"ဆိုပြီး မှတ်ယူလိုက်မိတယ်။ တကယ်တော့ အလွဲကြီး။

ကိုယ်တိုင် အာရုံများသိခြင်းလည်းဖြစ်နိုင်တယ်။ တကယ်တော့ မျက်လှည့်ပြတယ်ဆိုတာ ဒါမျိုးတွေပဲ မဟုတ်လား။ ဟုတ်ယောင်ထင်ရအောင် ဖုံးကွယ်လှည့်စားခဲ့တာလေ။

ထင်မှတ်ခြင်း၊ မသိခြင်း၊ လွဲခြင်း၊ ချော်ခြင်း၊ မှားယွင်းခြင်း အမျိုးမျိုးကို စွဲပိုက်မှတ်ယူထားခဲ့မိတာတွေ အများကြီးရှိတတ်ပါတယ်။ လူတိုင်း လူတိုင်းမှာ အနည်းနဲ့အများသာ ကွာခြားမှာပေါ့။ မကင်းနိုင်ကြဘူး။ အမှန်တရား အတိအကျသိရ၊ မြင်ရအောင် အားထုတ်ကြရအုံးမှာပါ။

**သိရမယ်**

တကယ်တမ်း ကျွန်တော်တို့ သိသင့်ရှုံ့မှုမက သိကိုသိရမဲ့ အချက်တွေကိုတောင် သေသေချာချာ ဂယနဏ သဲကွဲရှင်းလင်းအောင် မသိခဲ့တာ၊ မသိသေးတာတွေလည်း အများကြီးရှိပေမှာပဲ။ ဘာသာရပ်သင်ခန်းစာတွေ၊ တစ်တန်းနှစ်တန်းကစပြီး မြန်မာစာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ စတဲ့စာပေတွေ တက္ကသိုလ်ဝင်တန်းထိ ၁၀ နှစ်လောက်သင်ယူခဲ့တာပဲ။ တော်တော်သိပြီလားမေးရင် နည်းနည်းပါးပါးပဲ မှတ်မိပါတယ်။ တကယ်တော့ မတတ်သေး။ တက္ကသိုလ်ကဘွဲ့ရတဲ့ထိလည်း ပညာသင်ခဲ့ဖူးပါတယ်။ မသိသေးတဲ့အရာတွေက အများကြီးပေါ့။ နမူနာဥပမာတစ်ခုပဲ ပြောပါရစေ။

တက္ကသိုလ်မှာ လေးနှစ်နေမှ ရှမ်းစကား၊ ချင်းစကား နည်းနည်းပါးပါး တတ်ခဲ့ပါတယ်။ ဒါလည်း အဆောင်အတူနေ အတန်းအတူတက်တဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေနဲ့ ဆုံတွေ့ခဲ့လို့ မိမိက သင်ယူတတ်မြောက်ချင်စိတ်ရှိတာမို့ သင်ယူနားလည်ခဲ့ခြင်းပါ။

မြန်မာလို နေကောင်းလားဆိုရင် ချင်းဘာသာနဲ့ ဘယ်လိုပြောရသလဲ-(Na Da Hayam) နာဒါဟာယမ်။

ဘာလုပ်နေပါသလဲ- (Bein Baw Na Hiyam) ဘိန်းဘောနာဟီးယမ်။

စသဖြင့် ရေးရ၊ ကျက်ရ၊ မှတ်ခဲ့ရဖူးပါတယ်။

ရှမ်းသူငယ်ချင်း စိုင်းမျိုးမြင့်နဲ့ အဆောင်မှာ အခန်းချင်းကပ်၊ အဆောင်ထမင်းစားခန်း တစ်စားပွဲတည်း အတူစားတယ်။ သူ့ဆီက ရှမ်းစကားသင်ခဲ့တယ်။

ငါ နင့်ကို ချစ်တယ်၊ ဘယ်လိုပြောလဲ "ဟောင့်ဟတ်ဆု"။ နေကောင်းလား မေးချင်ရင် "ယုလီယူဟား"။ ထမင်းစားပြီးပြီလား "ကြင်ခေါက်ယောက်ဟား"။

**အပြန်အလှန်လေးစား**

အသက် ၂၀ ရှိမှ မိမိတို့ ဗမာကို ရှမ်းက မန်လို့ခေါ်ဝေါ်မှန်းသိရတယ်။ ရှမ်းလူမျိုးက သူတို့ကိုယ်သူတို့ တိုင်းလို့ပဲ ခေါ်ကြပါတယ်။ တိုင်းမော၊ တိုင်းလိုင်၊ တိုင်လျှမ်၊ တိုင်းယိုင် စသဖြင့် ဒေသအလိုက် ကွဲပြားတာလည်းရှိကြသေးတယ်။

ကချင်စကား၊ ရှမ်းစကား၊ တက္ကသိုလ်ကျောင်းသားဘဝ သူငယ်ချင်းအပေါင်းအသင်းတွေဆီက လေးနှစ်ကာလအတွင်း နည်းနည်းပါးပါး စိတ်ဝင်တစားသင်ယူခဲ့တာလေးဟာ မိမိစစ်မြေပြင်မှာ တာဝန်ထမ်းဆောင်ရတဲ့အခါ နယ်မြေခံလူထုနဲ့ ချစ်ခင်ရင်းနှီးမှု၊ ချစ်ခင်လေးစားမှုရှိစေတော့ အသက်မသေဘဲ တိုက်ပွဲတချို့ အောင်မြင်ခဲ့တယ်ပေါ့။

တကယ်ဆို တိုင်းရင်းသားချင်း ပိုမိုနားလည်ရင်းနှီးနေအောင် အလယ်တန်း၊ အထက်တန်း ဒေသဆိုင်ရာ အစိုးရကျောင်းတွေမှာ ဘာသာစာပေ၊ စကားလေးတွေ သင်ကြားပေးခဲ့မယ်ဆိုရင် အကျိုးဆက်သိပ်ကြီးမားတဲ့ စည်းလုံးချစ်ခင်ရေးကို တည်ဆောက်နိုင်မှာပဲလို့ စဉ်းစားမိပါရဲ့။ ကလေးသူငယ်အရွယ်ကတည်းက ကိုယ့်တိုင်းရင်းသား မိသားစုအတွင်း ဘာသာစကား၊ အခေါ်အဝေါ်၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အပြန်အလှန်နားလည်၊ စာနာ၊ လေးစား၊ ချစ်ခင်အောင် သေသေချာချာသင်ကြားပြုစုပျိုးထောင်ပေးခဲ့ရင် ဘယ်လောက်အကျိုးရှိမလဲနော်။ သစ်ပင်သစ်တောတွေ နှစ်စဉ်မိုးရာသီတိုင်း တစ်အုပ်တစ်မ စိုက်ပျိုးကြတာ ကောင်းပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးမှာ တိုင်းရင်းသားချင်း အပြန်အလှန်နားလည်ရင်းနှီးအောင် ငယ်စဉ်ကပင်ပျိုးထောင်ပေးရင် ပိုကောင်းမယ်။ ပညာရေးတက္ကသိုလ်၊ တိုင်းရင်းသားတက္ကသိုလ်များ၊ ဆရာအတတ်သင်သိပ္ပံ စသည်တို့မှာ မိမိတို့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အစဉ်အလာတွေကို နားလည်သဘောပေါက်အောင် သင်ကြားတာမျိုးတွေ ရှိနေလောက်ပါရဲ့။ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မဖြစ်မနေ အခြေခံကျတဲ့လိုအပ်ချက်ပဲ။** လူမျိုးစုရဲ့ အမေရိကန်နိုင်ငံ လူမျိုးကွဲ ၅၄ မျိုးလောက်ရှိကြတဲ့ တရုတ်နိုင်ငံလူမျိုးကွဲများစွာ (နယ်မြေကလည်း အလွန်ကျယ်ဝန်းတယ်လေ) နေထိုင်တဲ့ ရုရှားနိုင်ငံ၊ ဘာသာမတူ၊ လူမျိုးကွဲပြား (ဇာတ်ခွဲခြားတယ်) အိန္ဒိယခေါ် ဘာရတ်နိုင်ငံ စတဲ့ **တိုင်းပြည်ကြီးတွေဟာ တိုင်းရင်းသားချင်း ညီညွတ်စည်းလုံးခဲ့ကြလို့ ဖွံ့ဖြိုးတိုးတက်ခဲ့ကြပါတယ်။ စည်းလုံးမှုကမှ အင်အားကြီးမားစေနိုင်တာ မဟုတ်လား။**

**အင်အား**

လက်ချောင်းတွေ ပြန့်ကားထားလို့ အားမရှိ။

လက်သီးဆုပ်ထားမှ ကျစ်လျစ်တဲ့ အားသုံးနိုင်တယ်။

**"သမဂ္ဂါနံ့ တပေါ သုခေါ"**တဲ့။ မြတ်စွာဘုရားဟောကြားတဲ့တရားထဲမှာ ပါရှိခဲ့ပါတယ်။

**စည်းလုံးညီညွတ်ခြင်းဟာ ချမ်းသာသုခကို ဆောင်ယူလာပါတယ်**တဲ့။ မစည်းလုံးဘူး၊ မညီညွတ်ဘူးဆိုရင် ဘာဖြစ်လာမလဲ။ ဆင်းရဲခြင်းအမျိုးမျိုးကို တွေ့ကြုံရပေမယ်။

သစ်ပင်ပန်းပင်တွေကို စိုက်ပျိုးတဲ့အခါ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်ပြုစုပျိုးထောင်ရသလို သားငယ်သမီးငယ်၊ ကလေးလူငယ်တွေကို စည်းလုံးညီညွတ်တဲ့ ဆက်ဆံရေးအသိပညာတတ်မြောက်ကျွမ်းကျင်အောင် မိဘဆရာတွေက သင်ကြားလေ့ကျင့်ပေးကြရပါတယ်။ သားသမီးဟာ မိဘဆီက အတုယူတာပဲ။ တပည့်ဆိုတာ ဆရာကိုကြည့်ပြီး လိုက်လုပ်ကြတာပဲ။ ဒါကြောင့် အနာဂတ်ကို ဖန်တီးကြမဲ့ သားသမီးလေးတွေ၊ တပည့်တပန်းတွေကို တော်စေချင်တယ်၊ ကောင်းစေချင်တယ်ဆိုရင် **မိဘဆရာကိုယ်တိုင်က စံနမူနာပြ တော်အောင်၊ ကောင်းအောင် နမူနာခံပြနေထိုင်ပြမှုကြရပါတယ်။**

မြန်မာနိုင်ငံဟာ ရာသီဥတုမျှတသာယာတယ်။

သစ်ပင် သစ်တော၊ ရေမြေ၊ မြစ်ချောင်း၊ ရေခံ၊ မြေခံ အခြေခံကောင်းတယ်။ မြေပေါ် မြေအောက် သယံဇာတတွေ အံ့သြလောက်အောင် ပေါကြွယ်ဝတယ်။

နိုင်ငံသူ၊ နိုင်ငံသားတွေဟာ နှစ်ပေါင်းများစွာက ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ နေထိုင်ခဲ့လို့ အေးချမ်းသာယာတယ်။ ဘေးကင်းလုံခြုံတယ်။ ရာသီပွဲတော်တွေ အဆက်မပြတ်ကျင်းပပြီး စိုက်ပျိုးရေးခေတ်၊ မွေးမြူရေးခေတ်တွေကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့ကြပါတယ်။ သို့သော်-

**နယ်ချဲ့**

ဥရောပမှာ စက်မှုတော်လှန်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်သွားပြီး အာရှနိုင်ငံတွေ ခေတ်နောက်ကျနေခဲ့ကြလို့ နယ်ချဲ့ကိုလိုနီအနောက်နိုင်ငံတွေက သားကောင်၊ သမင်၊ ဒရယ်၊ ကျွဲ၊ နွားတွေကို ကျား၊ ခြင်္သေ့တွေ လုယက်စားသောက်သလို တိုက်ခိုက်သိမ်းပိုက်အနိုင်ယူအုပ်စိုးခဲ့ကြတယ်။ မြန်မာလည်း အများနည်းတူ ခံရတာပဲပေါ့။

၁၉ ရာစုကာလမှာ ဗြိတိသျှက နေမဝင်အင်ပိုင်ယာ ထူထောင်ပြီး ကမ္ဘာမှာ ဗိုလ်ကျစိုးမိုးတယ်။

၂၀ ရာစုကာလမှာ အမေရိကန်က ကမ္ဘာတစ်ဝန်း စစ်စခန်းပေါင်း ၇၀၀ ကျော်ချပြီး ဗိုလ်ကျအနိုင်ယူခဲ့တယ်။

၂၁ ရာစု (၂၀၀၀ ပြည့်နှစ်မှ ၂၁၀၀ ပြည့်နှစ်ထိ) မှာတော့ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှား စတဲ့ အာရှနိုင်ငံတွေဟာ လူးလွန့်ရုန်းထကြပြီး အာဖရိကနှင့် တောင်အမေရိကနိုင်ငံတွေနဲ့ပါ ဆက်သွယ်ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးတွေ ပိုမိုလျင်မြန်စွာ ပြောင်းလဲမဲ့အခြေအနေ တွေ့မြင်နေရတယ်။ ရာစုသစ်ဟာ ခေတ်သစ်ပြောင်းနေပြီ။

**ခေတ်သစ်**

နိုင်ငံတစ်ခု တိုးတက်ပြောင်းလဲမှုဆိုတာ ခေါင်းဆောင်ကောင်းတွေရဲ့ ဉာဏ်အမြော်အမြင် အတွေ့အကြုံကြီးမားခြင်းလည်း လိုအပ်သလို ပြည်သူ၊ ပြည်သားတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ ဗဟုသုတ၊ အတွေးအခေါ် ခံယူချက်နဲ့ လူသားအရင်းအမြစ် အရည်အသွေး၊ အရည်အချင်းတွေ ပြည့်ဝကြဖို့လိုအပ်တယ်။

(အခု ရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့တော့ မရဘူး။ ပြုစုပျိုးထောင်၊ လေ့ကျင့်မွေးမြူရတာပေါ့) သူများတွေ ဘယ်လိုပဲပြောပြော၊ ချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့ရှုတ်ချသည်ပဲဖြစ်စေ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် မိမိတို့**နိုင်ငံသားတစ်ဦးချင်းစီက တာဝန်သိမှု၊ ပါဝင်တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုတွေ လိုအပ်ပေတယ်။**

လူဦးရေရဲ့ ၅၂ ရာခိုင်နှုန်း အရေအတွက်ရှိကြတဲ့ မြန်မာတိုင်းရင်းသူပေါင်း ၂၆ သန်း၊ ၂၇ သန်းလောက်ဟာ အခုထက် မိခင်ကောင်း၊ ဆရာမကောင်း၊ စံပြမိခင်၊ စံပြဆရာမ၊ အရည်အသွေးတွေ မြှင့်တင်လိုက်ကြမယ်ဆိုရင်ပဲ နှစ်ကာလအတို ငါးနှစ်၊ ၁၀ နှစ်အတွင်း တိုင်းပြည်ဟာ ပြောင်းလဲတိုးတက်သွားမှာ သေချာပါတယ်။ လူသား ၂၉ သန်းဆိုတဲ့ မြန်မာနိုင်ငံသူ အမျိုးသမီးတွေရဲ့ အရေအတွက်ကြီးမားတဲ့ အင်အားထဲသို့ ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်၊ အမြော်အမြင် သွန်းလောင်းလိုက်မယ်ဆိုရင် အောင်မြင်မှုတွေ ကြီးကြီးမားမား တစ်ခုပြီးတစ်ခု ပေါ်ထွက်လာမှာ မလွဲပါ။

"လောကကို ပြောင်းလဲပစ်နိုင်တဲ့ တစ်ခုတည်းသောအရာက ပညာပဲဖြစ်တယ်"တဲ့။ တောင်အာဖရိက လူမည်းခေါင်းဆောင်နဲ့ သမ္မတဟောင်းဖြစ်ခဲ့သူ နယ်လဆင်မင်ဒဲလားက ပြောဖူးတယ်။

**ပြောင်းလဲ**

**"ပညာသမာ အာဘာနတ္ထိ"**

**ပညာနဲ့တူတဲ့ အလင်းရောင်သည် မရှိ။**

ပညာအလင်းရောင်သာ ထွန်းညှိပေးလိုက်ပါ။ အမှောင်ထုဟာ နေလာ နှင်းပျောက် အမိုက်အမည်းအားလုံးဟာ အဝေးသို့ လွင့်ပျောက်ပြေးသွားကာ အသိမှန်၊ အမြင်မှန်တွေ ထင်ရှားသဲကွဲလင်းကျင်းသွားမှာပဲဖြစ်တယ်။

ပညာကို လိုလိုလားလား လေ့လာမှတ်သားမယ်။ တစ်ဦးချင်းစီရဲ့ဘဝကို အရည်အသွေးမြှင့်တင်ကြတဲ့ အသိပညာ၊ အတတ်ပညာ၊ ဆက်ဆံပြောဆိုနေထိုင်၊ လုပ်ကိုင်နည်းတွေနဲ့ ပြောင်းလဲတိုးတက်စေရမယ်။

မိမိတို့နိုင်ငံရဲ့ ဂုဏ်ရောင်ကို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစား၊ နိုင်ငံရေး အမြင်ကျယ်မှု၊ ဗဟုသုတကြွယ်ဝမှုတွေ တစ်ဦးချင်းက စတင်မြှင့်တင်ကြရပါမယ်။ ဥပမာ-သူများက မိမိတို့ကို ဘယ်လိုခေါ်သလဲ။ သူတို့ကိုယ်သူတို့ ဘယ်လိုများခေါ်သလဲ။ မသိသင့်ပေဘူးလား။

၁။ တရုတ်က တို့ကို **မြန်တင့်**တဲ့။ သူတို့ကို ကျုံးကော် တဲ့။

၂။ အိန္ဒိယက တို့ကို **ဘာမင်း**၊ သူတို့ကို ဘားရတ် တဲ့။

၃။ လာအိုက တို့ကို **မူးမြဲ** တဲ့။

၄။ ထိုင်းက တို့ကို **မားမ** တဲ့။ သူတို့က တိုင်။

၅။ မလေးက တို့ကို **ဘားမင်း** တဲ့။ သူတို့က မာလာယု။

၆။ ဗီယက်နမ်က တို့ကို **မင်းဒင်** တဲ့။

၇။ ဂျပန်က တို့ကို **ဘီရုမာ**။ သူတို့က နိပ္ပွန်တဲ့။

**အိမ်နီးချင်း**

တစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ အမြဲတမ်း မိတ်ဆွေဆိုတာ မရှိသလို အမြဲတမ်း ရန်သူဆိုတာလည်း မရှိဘူး။ လက်ရှိ ကူညီကျေးဇူးပြုရင် မိတ်ဆွေပဲ။ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်နေရင် ရန်သူပဲ။ အချိန်မရွေး ပြောင်းလဲနိုင်တဲ့သဘောရှိနေတယ်နော်။

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွားကိုသာ ဦးလည်မသုန် သစ္စာရှိစွာ တိုးတက်အောင် ကြိုးစားလိုစိတ်ရှိကြရပါမယ်။ အံ့သြချီးကျူးစရာ ဖြစ်ရပ်မှန်လေးတစ်ခု ဖော်ပြပါရစေ။

ဆရာကြီးနန္ဒာသိန်းဇံ မော်လမြိုင်တက္ကသိုလ်မှာ ဒုသဿနိကဗေဒ ကထိကလုပ်နေစဉ်က တက္ကသိုလ်အနီးက ရပ်ကွက်ထဲမှာ ငှားနေတယ်။ သူတို့အိမ်ကို လသာတဲ့ညတွေဆိုရင် ညဦးပိုင်းမှာ ကလေးတွေ

❖ စည်းလုံးညီညွတ်ခြင်းဟာ ချမ်းသာသုခကို ဆောင်ယူလာပါတယ်တဲ့။ မစည်းလုံးဘူး၊ မညီညွတ်ဘူးဆိုရင် ဘာဖြစ်လာမလဲ။ ဆင်းရဲခြင်းအမျိုးမျိုးကို တွေ့ကြုံရပေမယ်။ သစ်ပင်ပန်းပင်တွေကို စိုက်ပျိုးတဲ့အခါ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်ပြုစုပျိုးထောင်ရသလို သားငယ်သမီးငယ်၊ ကလေးလူငယ်တွေကို စည်းလုံးညီညွတ်တဲ့ ဆက်ဆံရေးအသိပညာ တတ်မြောက်ကျွမ်းကျင်အောင် မိဘဆရာတွေက သင်ကြားလေ့ကျင့်ပေးကြရပါတယ်။ သားသမီးဟာ မိဘဆီက အတုယူတာပဲ။ တပည့်ဆိုတာ ဆရာကိုကြည့်ပြီး လိုက်လုပ်ကြတာပဲ။ ❖

စာမျက်နှာ ၂၇ သို့ ➤

# အဆင့်မြင့်တည်းကုန်းလက်ကားဈေးကြီးတွင် သစ်သီးဝလံများကိုသာ အဓိကရောင်းချမည့်ဈေးရုံကို လာမည့်အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်သွားမည်



**ရန်ကုန် အောက်တိုဘာ ၁၈**

အဆင့်မြင့်တည်းကုန်းလက်ကားဈေးကြီးတွင် သစ်သီးဝလံများကိုသာ အဓိကရောင်းချပေးမည့်ဈေးရုံကို လာမည့်အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းများအရ သိရသည်။

အဆင့်မြင့်တည်းကုန်းလက်ကားဈေးစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ အကျယ်အဝန်း ၈၃ ဧကရှိမြေပေါ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာအက်ဂရိုအိတ်ချိန်းပတ်ပလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်-MAEXတို့က အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတည်းကုန်းလက်ကားဈေးကြီးကို ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်၊ ကုန်မျိုးစုံ၊ ကုန်ခြောက် လက်လီလက်ကားဈေးအဖြစ် တည်ဆောက်နေကြောင်း၊ အဆင့်မြင့်တည်းကုန်းလက်ကားဈေးတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းတွင် ဈေးရုံအမှတ်(၁) သစ်သီးမျိုးစုံရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်(၂) ဟင်းသီးဟင်းရွက် တောင်သူလက်ကားရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်(၃) ကုန်မျိုးစုံ၊ကုန်ခြောက်နှင့် စားဖိုဆောင်သုံးပစ္စည်းများဈေးရုံ၊ ဈေးရုံအမှတ်(၄) ဟင်းသီးဟင်းရွက်နှင့် ရာသီပေါ်သီးနှံများ ရောင်းချသောဈေးရုံအပါအဝင် လူနေဆိုင်ခန်း ပွဲရုံများ Shop house အလုံးပေါင်း ၄၀ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စီမံကိန်းဒုတိယအဆင့်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နေမှုများအရ သစ်သီးဝလံများကိုသာ အဓိက ရောင်းချပေးသွားမည့် ဈေးရုံကို လာမည့်အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ပေးမည့်ဈေးရုံသစ်တွင် အအေးခန်းများကိုပါ ထည့်သွင်းတည်ဆောက်ထားပြီး အလျား ငါး ပေ၊ အနံ ၁၁ ပေနှင့် အလျားငါးပေ၊ အနံ ၁၃ ပေရှိ ဆိုင်ခန်းပေါင်း ၁၀၆၉ ခန်း ပါဝင်ကြောင်း သိရသည်။ (၃၃၆)

# ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဘိုကလေး အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပျဉ်းမကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ပျဉ်းမကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးမိုးဝင်းက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာတွင် အရှည် ၁၂၇၇ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ပျဉ်းမကုန်းကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးမိုးဝင်းက ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၇၀၄ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၇၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် မိုးစပါး ဧက ၁၉၅၀၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၇၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်မြို့နယ်မှာ မိုးစပါးဧက ၁၉၀၀၀ ကျော် လျာထားစိုက်ပျိုးနေပြီး မိုးစပါးဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ စိုက်ပျိုးနည်းစနစ်တွေနဲ့ ပိုးမွှားကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ကပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် မိုးစပါး စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် နွေစပါး ဧက ၂၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၁၆၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# နမ့်ခမ်းမြို့နယ် ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ခမ်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စယ်ဟိုင်းကျေးရွာအုပ်စု ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်မိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက ကုန်းဆာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ငွေကျပ် ၃၉၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကုန်းဆာကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၄ ဦးကို ငွေကျပ် ၃၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်မိုးက ပြောပြ၍ သိရသည်။

**ကျော်ခိုး**



➤ စာမျက်နှာ ၂၆ မှအဆက်

ကိုးယောက်၊ ၁၀ ယောက် ကွပ်ပျစ်(ခုတင်ကြီး)အပြည့် ရောက်လာကြပြီ။ ထိုစဉ်က သူက လူငယ်လူပျို၊ ကလေးကိုအလွန်ချစ်ခင် တန်ဖိုးထားတဲ့ တက္ကသိုလ် ဆရာ၊ စာရေးဆရာ။

ဆရာက ညဦးပိုင်းမှာ ပုံပြင်လေးတွေ သူတို့ကို ပြောပြနေကျပေ့ါ။ တစ်ညတော့ ဖျိုင်း၊ ငါးတွေနဲ့ လယ်ပုစွန်လုံး၊ ကဏန်းအကြောင်း။ စာဖတ်သူတွေလည်း သိပြီးသားဖြစ်မှာပါ။

**ပုံပြင်**

ရေကန်တစ်ကန်ဟာ မိုးခေါင်တဲ့နှစ်၊ နွေရာသီရောက်လာပြီ။ ရေခန်းတော့မယ်။ ရေတိမ်လေးထဲမှာ ငါးတွေသေကြရတော့မယ်။

ဖျိုင်းတစ်ကောင် သစ်ပင်သစ်ကိုင်းပေါ် နားလာတယ်။ "ငါးတွေ မင်းတို့ ဒီအတိုင်းနေရင် ရေခန်းလို့ အားလုံးသေကြလိမ့်မယ်။ မင်းတို့ကို ငါသနားလို့ ကယ်တင်ချင်တယ်။ ငါနဲ့လိုက်ခဲ့ တစ်ခေါက်တစ်ကောင် ခေါ်သွားပြီး ရေကန်အကြီးကြီးရှိရာကို ပို့ပေးမယ်"

ငါးတွေက မယုံဘူး မယုံဘူးပြောတော့ "ဒါဆိုရင် ငါးတစ်ကောင် ငါခေါ်ဆောင်သွားမယ်။ သူ့ကို ရေကန်ကြီးလက်တွေ့ပြမယ်၊ ပြန်လာရင် သူ့ကိုမေးကြ။ ဟုတ်ပြီလား" ဒီလိုနဲ့ ကိုယ်စားလှယ် ငါးတစ်ကောင် ချီသွားပြီးပြတယ်။ ပြတယ်။ ဟုတ်တယ်၊ ရေကန်အကြီးကြီးပဲ။ ရေကြည်တယ်၊ အေးမြတယ်၊ ပျော်စရာပဲ။ ကဲ. . . တွေ့ပြီမဟုတ်လား။ ငါးတွေဟာ အလုအယက် ဖျိုင်းခေါ်ရာ တစ်ကောင်ချင်းလိုက်ပါသွားကြတယ်။ ဖျိုင်းက ရေကန်ကြီးထဲ ချမပေးဘဲ တစ်ကောင်ပြီး တစ်ကောင် စားလိုက်တာပေ့ါ။

ကဏန်းက သံသယရှိတယ်။ ဒီတစ်ခေါက် သူ့ကိုခေါ်ပါ။ ဖျိုင်းကလည်း ကဏန်းသားစားချင်နေတာနဲ့ အတော်ပဲ။ နှုတ်သီးနဲ့ကိုက်ချီလို့ ချော်ချွတ်ချွတ်နဲ့မရဘူး။ ဖျိုင်းရဲ့လည်ပင်းကို ကဏန်းက လက်မနှစ်ဖက်နဲ့ ညှပ်ပြီးလိုက်ပါမှရမယ်။ ကဲ. . . ကောင်းပြီ ခေါ်ဆောင်သွား။ သစ်ပင်တစ်ပင်ပေါ် မှာနား။ ကဏန်းက အောက်မှာရှိတဲ့ငါးရိုးအစုအပုံတွေ့မြင်ရပြီ။ ဖျိုင်းရဲ့ လိမ်ညာလှည့်စား ငါးတွေကို အလွယ်တကူဖမ်းယူစားသောက်တာပေါ်ပြီ။ ကဏန်းလက်မနဲ့ ဖျိုင်းကို ညှစ်သတ်လိုက်သတဲ့။

**ဘာဖြစ်ချင်သလဲ**

ဆရာနန္ဒာသိန်းဇံက ပုံပြင်ပြောပြီးတော့ ကလေးတွေကို မေးတယ်။ ဒီပုံပြင်ထဲက ငါးရယ်၊ ဖျိုင်းရယ်၊ ပုစွန်ရယ်၊ ကဏန်းရယ်ပါကြတယ်။ ခုနစ်နှစ်သား၊ ရှစ်နှစ်သားအရွယ် တိုင်းရင်းသားကလေးငယ်တစ်ယောက်ကို နာမည်ခေါ်ပြီး မေးပါတယ်။

"သားလေးက ဘာဖြစ်ချင်သလဲ"

"ကျွန်တော်က ငါးလည်းမဖြစ်ချင်ဘူး။ ဖျိုင်းလည်းမဖြစ်ချင်ဘူး။ ကဏန်းလည်း မဖြစ်ချင်ဘူး"။

"ဒါဆိုရင် သားက ဘာဖြစ်ချင်တာလဲ"

"သားက ဒီရေကန်ကို ရေပြန်ပြည့်အောင် ဖြည့် ပေးနိုင်တဲ့**လူပဲဖြစ်ချင်ပါတယ်**"တဲ့။

သူဟာ ငါးတွေလိုမအချင်ပါ။ ဖျိုင်းလို လိမ်ညာလှည့်စား စားသောက်သူ မဖြစ်ချင်။ ကဏန်းလို သတ်ဖြတ်သူလည်း မလုပ်ချင်။ အားလုံးပျော်ရွှင်စေအောင် ဒီကန်ကို ရေပြန်ဖြည့်ပေးနိုင်တဲ့ လူသားဖြစ်ချင်ပါသတဲ့။ သူက ဖောက်ထွက်ထူးခြားအောင် စဉ်းစားနိုင်တဲ့ကလေး။

**နိဂုံး**

ပေးထားချက်ဘောင်ကို ကျော်လွှန်ပြီး သူဟာ စိတ်ကောင်းစေတနာ ထက်သန်မွန်မြတ်ပါပေရဲ့။

ဒီလိုကလေးတွေ မွေးမြူနိုင်ကြပါစေ။

# စစ်ဘက်အဆင့်မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ

**ဝင်းဇင်(သုတေသန)**

ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို လက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူမှု အစီအစဉ်သည် ဆက်လက်တိုးတက်လာလျက်ရှိရာ မကြာသေးမီသီတင်းပတ်များအတွင်းက ထူးခြားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို၏ အမေရိကန်ခရီးစဉ် အတွင်း ဘိုးရင်းကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် ကာလရှည်ကြာ ကြိုးပမ်းရလျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ၏ F-15 တိုက်လေယာဉ် ၂၄ စင်း ဝယ်ယူနိုင်ရေး အစီအစဉ်ကို ဩဂုတ်လအတွင်းက အပြီးသတ်နိုင်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံတန်ဖိုးရှိသည့် အဆိုပါစာချုပ်သည် အချို့သောလုပ်ထုံးလုပ်နည်းများကြောင့် နှောင့်နှေးကြန့်ကြာရလျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုသည် အမေရိကန်ခရီးစဉ်အတွင်း လော့ခ်ဟိဒ်မာတင် ကုမ္ပဏီသို့လည်း သွားရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွက် Black Hawk ရဟတ်ယာဉ် ၂၄ စင်းဝယ်ယူရန် သဘောတူစာချုပ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဩဂုတ်လအတွင်း၌ပင်လျှင် အင်ဒိုနီးရှားနိုင်ငံပိုင် PT PAL သည် Merah Putih ဖရီးဂိတ်စီမံကိန်းအတွက် ရောခင်းအခမ်းအနားပြုလုပ်ခဲ့သေးသည်။ Merah Putih သည် အင်ဒိုနီးရှားနိုင်ငံ၏ အလံအရောင်များကို ကိုယ်စားပြုလျက်ရှိသောကြောင့် အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွစေလျက်ရှိသည်။ အဆိုပါစီမံကိန်းတွင် Arrowhead 140 ဒီဇိုင်းကိုအခြေခံကာ ဖရီးဂိတ်စစ်ရေယာဉ်နှစ်စီး တည်ဆောက်သွားမည်ဖြစ်သည်။ PT PAL သည် ဗြိတိန် Babcock ၏ခွင့်ပြုချက်လိုင်စင်ဖြင့် ဖရီးဂိတ်စစ်ရေယာဉ်များကို ၎င်း၏ Surabaya သင်္ဘောကျင်း၌ တည်ဆောက်သွားမည်ဖြစ်သည်။

၎င်းဖရီးဂိတ်စစ်ရေယာဉ်များသည် အပြီးသတ်တည်ဆောက်ပြီးစီးချိန်တွင် အင်ဒိုနီးရှားရေတပ်၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်မည့်အပြင် PT PAL ၏ ပြည်တွင်း၌ စစ်ရေယာဉ်တည်ဆောက်နိုင်မှု ရည်မှန်းချက်ကိုလည်း ကိုယ်စားပြုလျက်ရှိသည်။ သို့သော် ဖရီးဂိတ်များ၏ စွမ်းဆောင်ရည်မည်မျှရှိသလဲဆိုသောအချက်ကိုမူ စီမံကိန်းပြီးစီးချိန်ထိ စောင့်ကြည့်သွားရဦးမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တူရကီနိုင်ငံမှ ANKA ဒရုန်း ၁၂ စင်းဝယ်ယူရန် အမေရိကန်ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိသောစာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ခဲ့သည်။ ၎င်းဒရုန်းများကို ၂၀၂၅ ခုနှစ် နှောင်းပိုင်းခန့်တွင် အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လေတပ်နှင့် ရေတပ်တို့ကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာ ပြင်သစ်၏ Dassault ကုမ္ပဏီထံမှ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံတန်ဖိုးရှိသော Rafale တိုက်လေယာဉ် ၄၂ စင်းဝယ်ယူသွားမည့် အကြီးစားစာချုပ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးထားရှိသည်။ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီမှ မှာယူထားသော C-130J Super Hercules အသစ်ငါးစင်းကို လက်ရှိအချိန်တွင် အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး အဲယားဘတ်(စ်)ကုမ္ပဏီထံမှလည်း Atlas A400Ms အမျိုးအစားလေယာဉ်နှစ်စင်းကိုလည်း မှာယူထားရှိသည်။

ဒေသတွင်းရှိ သင်္ဘောကျင်းများသည် အမြန်တိုက်ခိုက်ရေးရေယာဉ်များနှင့် ကမ်းလွန်ကင်းလှည့်ရေယာဉ်များကို တည်ဆောက်နေသည့်အချိန်တွင် PT PAL သည် ကုန်း၊ ရေနှစ်သွယ်သွား ပို့ဆောင်ရေးရေယာဉ်များကို အရှိန်မြှင့်တင်တည်ဆောက်လျက်ရှိပြီး မကြာသေးမီကပင်လျှင် ဒတ်ချ်သင်္ဘော



တည်ဆောက်ရေးကုမ္ပဏီ Damen နှင့်ပူးပေါင်းကာ SIGMA 10514 ဖရီးဂိတ်နှစ်စီးကို တည်ဆောက်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် မကြာသေးမီကပင် တာဝေးထောက်လှမ်းနိုင်သည့် စစ်ဘက်ရေဒါဝယ်ယူရေးအတွက် ပြင်သစ်၏ Thales ကုမ္ပဏီနှင့် ကန်ထရိုက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်တွင် နည်းပညာလွှဲပြောင်းပေးမည့်အပြင် အင်ဒိုနီးရှားကုမ္ပဏီများကို ကျွမ်းကျင်မှုလည်းမြှင့်တင်ပေးသွားမည်ဖြစ်သည်။

စင်စစ်အားဖြင့် အင်ဒိုနီးရှားစစ်ဘက်သည် ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် ၎င်း၏စွမ်းဆောင်ရည်များတိုးမြှင့်ရန် နည်းလမ်းရှာကြံကြိုးပမ်းလျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို၏ ကာလအတွင်း အဆိုပါကြိုးပမ်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ အဆိုပါလက်နက်ဝယ်ယူရေးအစီအစဉ်အတွက် တစ်ခုတည်းသောမေးခွန်းမှာ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဘဏ္ဍာငွေတတ်နိုင်စွမ်းရှိသလားဆိုသောမေးခွန်းပင်ဖြစ်သည်။ အခြားမေးခွန်းတစ်ခုမှာ မဟာဗျူဟာမြောက်အမြင်ရှိသလားဆိုသော မေးခွန်းပင်ဖြစ်သည်။

ပထမမေးခွန်းအတွက် အဖြေမှာ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲရန် ငွေကြေးတတ်နိုင်သည်ဟုဆိုသည်။ လက်နက်ဝယ်ယူရေးစာချုပ်ထုတ်ပြန်ကြေညာသည့်အချိန်တိုင်း မီဒီယာများတွင် အမျိုးမျိုးဝေဖန်ရေးသားလျက်ရှိသည်။ Rafales နှင့် F-15s တို့ဝယ်ယူမှုအတွက်ပင်လျှင် အမေရိကန်ဒေါ်လာ ၂၂ဘီလီယံခန့်ကုန်ကျမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ကြွေးမြီနှင့် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းသမိုင်းကြောင့် ဘဏ္ဍာငွေအသုံးစရိတ်တင်ပြမှုအပေါ် အမျိုးမျိုးတုံ့ပြန်လေ့ရှိသည်မှာ သဘာဝပင်ဖြစ်သည်။ တိုင်းပြည်အနေဖြင့် မြို့တော်သစ်တည်ဆောက်ခြင်းနှင့် ဂျကာတာ-ဗန်ဒေါင်း အမြန်ရထားလမ်း ဖောက်လုပ်ခြင်းကဲ့သို့သော အငြင်းပွားဖွယ်ရာစီမံကိန်းကြီးများအပေါ် ငွေကြေးအမြောက်အမြား သုံးစွဲထားပြီးဖြစ်သောကြောင့် စစ်ဘက်အဆင့်မြှင့်တင်မှုအတွက် ပြည်သူ့ရန်ပုံငွေဒေါ်လာ ဘီလီယံပေါင်းများစွာသုံးစွဲမှုကို ပမာဏများပြားသည်ဟုရှုမြင်မည်မှာ အသေအချာပင်ဖြစ်သည်။

အမှန်တော့ အင်ဒိုနီးရှားနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်နှင့်စပ်လျဉ်း၍ တိုင်းပြည် GDP ၏ တစ်ရာခိုင်နှုန်းအောက်တွင်သာလျှင် သုံးစွဲလျက်ရှိသည်။ ၎င်းထက် တိုင်းပြည်အရွယ်အစားသေးငယ်သည့် စင်ကာပူနိုင်ငံသည် တိုင်းပြည် GDP ၏ သုံးရာခိုင်နှုန်းခန့်ကို ကာကွယ်ရေးအတွက် သုံးစွဲလျက်ရှိသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေသည် အချို့သောပြည်သူများ တွေးထင်ထားသကဲ့သို့ ပြုတ်ကျတော့မည့်အခြေအနေတော့ မဟုတ်ပေ။ စင်စစ်အားဖြင့် ဂျိုကိုဝီဒိုဒိုလက်ထက်တွင် ပြည်သူ့အသုံးစရိတ်များ သိသိသာသာမြင့်တက်လာခဲ့သော်လည်း အခွန်ငွေကောက်ခံရရှိမှုမှာလည်း တဖြည်းဖြည်း တိုးတက်လာလျက်ရှိသည့်အတွက် အင်ဒိုနီးရှားနိုင်ငံ၏အကြွေးနှင့် GDP အချိုးအစားသည် စီမံကိုင်တွယ်ဆောင်ရွက်နိုင်သည့် အနေအထားတွင်သာရှိနေသည်။ ကာကွယ်ရေးအတွက် ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲမှုသည် အချိန်ကာလကြာလာသည်နှင့်အမျှ အကျိုးကျေးဇူးများ ပြန်လည်ခံစားရလေ့ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် စစ်ဘက်အဆင့်မြှင့်တင်မှုကို ပြုပြင်ပြောင်းလဲမှုနည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အဓိကကျသော စစ်လက်နက်စနစ်များကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ပြည်ပစစ်လက်နက်ပစ္စည်းကုမ္ပဏီများထံမှ ဝယ်ယူမရရှိနိုင်သည့်အချိန်တွင် နည်းပညာနှင့်ကျွမ်းကျင်မှုတို့ လွှဲပြောင်းရယူရန် ကြိုးပမ်းလျက်ရှိသည်။ ပူးတွဲထုတ်လုပ်ခြင်း သို့တည်းမဟုတ် နည်းပညာလွှဲပြောင်းပေးရန် ရည်ရွယ်ထားသော စစ်လက်နက်ပစ္စည်းဝယ်ယူရေးဆိုင်ရာ စာချုပ်အများစုသည် PT PAL ကဲ့သို့သော အင်ဒိုနီးရှားကုမ္ပဏီများကို ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ လွှဲပြောင်းပေးအပ်သွားရန် ရည်ရွယ်ထားရှိသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ စစ်ဘက်အဆင့်မြှင့်တင်မှုသည် ပထဝီနိုင်ငံရေးဆိုင်ရာကျယ်ပြောမှုကြောင့်လည်းဖြစ်ပြီး အချို့သောစစ်လက်နက်ပစ္စည်းတပ်ဆင်မှုနှင့် မဟာဗျူဟာတို့သည် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရန် ရည်ရွယ်ထားဖွယ်ရာရှိသည်ဟုဆိုသည်။ စင်စစ်အားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများ မြင့်တက်လာသည့်အချိန်တွင် ၎င်း၏စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်သွားလိုသောဆန္ဒရှိနေသည်။

အင်ဒိုနီးရှားနိုင်ငံသည် တူရကီ၊ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်ကုမ္ပဏီများထံမှ စစ်လက်နက်ပစ္စည်းများဝယ်ယူနေရာမှ လမ်းကြောင်းပြောင်းလဲလာလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မဟာဗျူဟာအလားအလာကြောင့်မဟုတ်ဘဲ Thales၊ အဲယားဘတ်(စ်)၊ လော့ခ်ဟိဒ်မာတင်၊ ဘတ်ကော့နှင့် တာ့ကစ်ရှ်အာကာသကုမ္ပဏီတို့သည် ထုတ်လုပ်မှုမျှဝေခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်ရောင်းချခြင်း၊ အင်ဒိုနီးရှားစက်မှုပညာရှင်များနှင့် အင်ဂျင်နီယာများကို လေ့ကျင့်သင်တန်းပေးခြင်းတို့အပြင် အင်ဒိုနီးရှားနိုင်ငံကို ပြည်တွင်း၌ပင် ထုတ်လုပ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ပေးရန် ဆန္ဒရှိနေသောကြောင့်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်နိုင်ရေးအတွက် စစ်လက်နက်ပစ္စည်းများဝယ်ယူရန် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲလျက်ရှိသည့်တိုင်အောင် GDP အချိုးနှင့်နှိုင်းယှဉ်လျှင် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုမှာ နည်းပါးနေဆဲပင်ဖြစ်သည်။

**ကိုးကား**

**- Can Indonesia Afford Its Big Military Modernization Plans? By The Diplomat.**

# အင်္ဂပူမြို့နယ် တလုတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလုတ်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ တလုတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တလုတ်ကုန်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၈-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၃၀၆။ | ကွယ်လွန်သူမိခင် ဒေါ်ကြည်ကြည်မေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၇၀၀၀၀၀ |
| ၆၃၀၇။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးရဲလင်းထွန်းနှင့်ဇနီး ဒေါ်စန်းသီတာ၊ (သမီး) မသဇင်အောင်၊ မငြိမ်းဆုသီ၊ မယွန်းဖြူဖြူအောင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၃၀၈။ | ဦးလှမိုးနှင့်ဇနီး ဒေါ်ကြည်ကြည်မေမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၃၀၉။ | စစ်ကိုင်းတောင်ရိုးမှ(ဆရာကြီး၊ ဆရာလေးများအဖွဲ့) ကောင်းမှု | ၃၅၀၀၀၀ |
| ၆၃၁၀။ | ဦးကျော်စိုးအောင်နှင့်ဇနီး ဒေါ်မူမူရွှေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၃၁၁။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်မေချိုဟိန်း၊ (သမီး) မထူးမြတ်အိမြွေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၃၁၂။ | ဦးကျော်ဇာနည်ဟန်နှင့်ဇနီး ဒေါ်နန်းထက်ထက်ဝေ၊ (သမီး) မနန်းမြတ်ဖြူစင်ကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၃၁၃။ | ဦးဇော်သိန်း(ညွန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်စန်းစန်းအေး၊ (သား)ကိုဟိန်းဇော်၊ (သမီး)မသူသူစံမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၃၁၄။ | ဦးငွေလှိုင်နှင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၃၁၅။ | ဦးထွန်းမြိုင်နှင့်ဇနီး ဒေါ်တင်မြမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၆၃၁၆။ | နှစ်ဖက်သောမိဘများနှင့်ဇနီး ဒေါ်ကြည်ကြည်ဝေ တို့အားရည်စူး၍ ဦးမြသန်း၊ သား၊ သမီး၊ သမက်၊ မြေး မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၃၁၇။ | မိခင်ကြီး ဒေါ်သန်းအားရည်စူး၍ ဦးသက်ရှည် နှင့်ဇနီး ဒေါ်အုန်းပိုင်မိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၆၃၁၈။ | ဦးမောင်ကြီးနှင့်ဇနီး ဒေါ်ကြည်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၁၉။ | ဒေါ်ခင်ခင်ကြီးနှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၀။ | ဦးဆန်းနှင့်ဇနီး ဒေါ်ရီ (Power Point) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၁။ | ကွယ်လွန်သူ ဦးမြင့်ဆွေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၂။ | ဦးမန်းခင်မောင်ကြီးနှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်မှူးချုပ်သွင်အောင်နှင့်ဇနီး ဒေါ်တင်တင်သော်၊ (သား) မောင်ထူးမြတ်အောင်၊ (သမီး) မယွန်းအိဖြူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၃၂၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးညွန့်လှိုင်နှင့်ဇနီး ဒေါ်ခင်စန်းမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၅။ | Morning Star အအေးကဖီး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၆။ | ဆရာတော် ဥူးကလျာ၊ ဦးရှမ်းနှင့်ဇနီး ဒေါ်လှငွေး တို့အားအမှူးထား၍ ဦးရှိနှင့်ဇနီး ဒေါ်ခင်ဝင်း၊ ဦးလုံးဗဟာဒူးနှင့်ဇနီး ဒေါ်စီမာယာမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၇။ | ဦးကျော်လှနှင့်ဇနီး ဒေါ်မြင့်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၈။ | ဒေါ်သန်းမြိုင်၊ (သား) ကိုဇော်မျိုးဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၂၉။ | ဒေါ်မြစိန်၏ (၉၆)နှစ်မြောက်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၆၃၃၀။ | ဆရာလေးဒေါ်ပဥ္စဝတီကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၁။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်ငွေတင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၂။ | ဦးရာသိန်းနှင့်ဇနီး ဒေါ်လှပိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၃။ | ဦးချစ်တင်နှင့်ဇနီး ဒေါ်ခင်လှမို့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၄။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးဌာနမှဝန်ထမ်းများကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၅။ | ဦးတင်ဝေနှင့်ဇနီး ဒေါ်ခင်မျိုးမြင့်၊ သား၊ သမီး၊ မြေး၊ မြစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၆။ | နှစ်ဖက်သောမိဘများ၊ ဆွေမျိုးများနှင့် ဖခင်ကြီး ဦးမောင်ငယ်အားရည်စူး၍ ဒေါ်နန်းခမ်းဦး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၇။ | ဒေါ်နီလာငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၈။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘများအားရည်စူး၍ ဦးအောင်ငွေးနှင့်ဇနီး ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၃၉။ | ဒုတိယဗိုလ်မှူးကြီးဂျာနော်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးစန္ဒာအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၄၀။ | ဦးမောင်မောင်လေးနှင့်ဇနီး ဒေါ်ခိုင်ခိုင်မြင့်မိသားစု | ၁၀၀၀၀၀ |
| ၆၃၄၁။ | ဦးကြာရင်နှင့်ဇနီး ဒေါ်လှစီ၊ (သားများ) ဦးညွန့်ရွှေ၊ ဦးကျော်ရွှေ ဦးထွန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၄၂။ | ဦးအေးဖေနှင့်ဇနီး ဒေါ်ခင်ပြုံးဝေ၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၄၃။ | ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မိုးမိုး၊ (သားများဖြစ်ကြသော) မောင်ဝေဖြိုးမောင်၊ မောင်သက်နိုင်ဝင်း၊ မောင်ထက်အောင်ခိုင်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၃၄၄။ | ဦးစန်းကိုနှင့်ဇနီး ဒေါ်ပွင့်ဦးဟန်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၃၄၅။ | ဒေါ်မေသူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၄၆။ | ဦးကျုံးဟောင်လုံးနှင့်ဇနီး ဒေါ်နန်းစံဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၄၇။ | ဒေါ်အုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၄၈။ | ဦးမောင်မောင်ထူးနှင့်ဇနီး ဒေါ်စန္ဒာဆွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၄၉။ | ဒေါက်တာဒေါ်သီတာဆွေနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၀။ | ဦးတင်မောင်စောနှင့်ဇနီး ဒေါ်ကိုင်နူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၁။ | ဦးကိုကြီးနှင့်ဇနီး ဒေါ်ဝင်းစန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၂။ | (ဦးကျော်စိန်)နှင့်ဇနီး ဒေါ်အေးသင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၃။ | ဦးဆန်းထွန်းနှင့်ဇနီး ဒေါ်စိုးသူဇာကျော်၊ (သား) မောင်သက်ခိုင်လင်း၊ (သမီး) မအေးငြိမ်း၊ (မြေး) မောင်ကောင်းသန့်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၄။ | ကွယ်လွန်သူ မိဘ၊ ဘိုးဘွား၊ ဆွေမျိုးမိသားစုများကို ရည်စူး၍ ဒေါ်တင်ရီနှင့် ဒေါ်စောညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၅။ | (ဦးအုန်းမောင်)နှင့်ဇနီး ဒေါ်ခင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၆။ | ဒေါ်တင်တင်မိုး၊ (သမီး) မချောစုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၇။ | ဒေါ်မြင့်မြင့်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၅၈။ | ဦးကျော်သန်းထွန်း(စွမ်းအားဖြိုး) မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အမည်ပြောင်း

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 မှ ဦးဝေဖြိုးအောင်-ဒေါ်ယဉ်ယဉ်မိုး တို့၏ သမီး မရွှေရည်ဖြိုးဝေ အား မရတီပြည့်လျှံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မရတီပြည့်လျှံ**

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အထက(၃၃) Grade-6 (A) မှ မချမ်းငြိမ်းလင်း နှင့် Grade-2 (C) မှ မောင်အောင်စစ်ပိုင် တို့၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်ကျော်ဆန်း ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဆန်း(၉/အမဇ(နိုင်)၀၂၁၃၇၅)**

## ဖခင်အမည်မှန်

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မြန်မာပညာအကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ မဆုပြည့်သဇင် နှင့်Grade-6 မှ မောင်အောင်အောင်ထွန်း တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရန်ယုံထီ ဖြစ်ပါကြောင်း။ **ဦးရန်ယုံထီ(၁၃/လရန(နိုင်)၂၇၁၈၂၀)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၃၁) အခြေခံပညာအလယ်တန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော မောင်သက်ထက်အောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဆွေလင်းဦး ဖြစ်ပါကြောင်း။ **ဦးဆွေလင်းဦး(CMTSI-၀၁၆၅၃၆)**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်-(၅၆၅)၊ ကွင်းအမည်-တောင်ရွာ(န)ကွင်း၊ မြေကွက်အမှတ်-(၁၃/၄၊၁၅/၂)၊ မြေဧရိယာ-(၁. ၀၀)ဧကရှိ မြေနေရာအား အမှတ်(၃) ရပ်ကွက်နေ ဦးသန်းထွန်းမြင့်(၉/နထက(နိုင်)၀၀၅၅၃၂) မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ပိုင် မြေနေရာအတွက် မြေငှားဂရန်အမှုတွဲဖွင့်၍ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နွားထိုးကြီးမြို့**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ သူစိုးရွာနေ ဒေါ်ခင်ထက်ထက်ချစ်(ဘ)ဦးညွန့်မောင် (၉/နထက(နိုင်)၁၃၇၉၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-782228) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၂၄၆၄၆၇


စာအုပ်
စာပေ
လူ့မိတ်ဆွေ


## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မထက်ထက်လင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကြိမ်ကွေလီ ဖြစ်ပါကြောင်း။ **ဦးကြိမ်ကွေလီ(၁၃/သနန(နိုင်)၀၁၃၉၇၄)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ မူလတန်းလွန်ကျောင်း၊ ရေခါးကျေးရွာတွင် လက်ထောက်မူလတန်းပြဆရာဝန် ထမ်းဆောင်နေသော ဒေါ်သန့်အိစင် ၏အမည်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်အမှုထမ်းစာအုပ်ပါ ဒေါ်သန့်အိစင် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဒေါ်သန့်အိဇင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်သန့်အိစင်(ခ)ဒေါ်သန့်အိဇင်(၅/စကန(နိုင်)၂၀၁၁၂၃)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် ....






စာပေမြင့်မှ
လူမျိုး
တင့်မည်


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာနေ ဒေါ်အေးခိုင် ၏သမီးဖြစ်သူ **မနိုင်သီထွန်း (၅/ဝလန(နိုင်)၂၃၂၉၀၆)** သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်အေးခိုင်(၅/ဝလန(နိုင်)၁၀၉၈၄၄)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်...

❖ မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထား ဆောင်ရွက်ရန် မှာကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တိုင်းခမ်းတီစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘု ပထမဆုရအသင်းကို တံခွန်ရိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ပူတာအို စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘုသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပသည့် တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် မန်စေကျေးရွာဘောလုံးအသင်းနှင့် ပန်းလှိုင်ရပ်ကွက်ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပန်းလှိုင်ရပ်ကွက်ဘောလုံးအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၁



အလင်းရောင် ညစ်ညမ်းမှု

ဆောင်းပါး စာမျက်နှာ - ၄

## ဘင်္ဂလားပင်လယ်အော် အခြေအနေ ၁၈-၉-၂၀၂၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကူမွှေကော်အခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းပြခင်းပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..